# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဖိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၁၄)၊ ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ ၂၄-၃-၂၀၂၆၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံ့တာဝန်နှင့် တပ်မတော်တာဝန်များကို ကျန်းမာစွာ ထမ်းဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ခါးကျီးပေါင်းရောဂါကြောင့် အာရုံကြောညပ်ခြင်း (Lumbar Spondylosis with Spinal Stenosis) ဝေဒနာခံစားခဲ့ရသဖြင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) နေပြည်တော်၌ အိန္ဒိယနိုင်ငံမှ ပါရဂူများနှင့် မြန်မာ့တပ်မတော် ဆေးတပ်ဖွဲ့တို့ပူးပေါင်း၍ အရေးပေါ်ခွဲစိတ်ကုသမှုအား ၂ နာရီကြာ ပြုလုပ်ခဲ့ပါသည်။

ခွဲစိတ်ကုသမှုအောင်မြင်ပြီး ယခုအခါ နိုင်ငံ့တာဝန်နှင့် တပ်မတော်တာဝန်များကို ကျန်းမာစွာ ထမ်းဆောင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် မတ် ၂၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၇၁ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၆ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

စာမျက်နှာ ၃ သို့ ○




## အမြင့်ဆုံး နေ့အပူချိန်များ (၂၃ - ၃ - ၂၀၂၆)

| | | |
|---|---|---|
| ချောက်မြို့ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| သိမ်ဇရပ်မြို့ | ၃၉ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံမြို့ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မော်လမြိုင်မြို့ | ၃၈ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပဲခူးမြို့ | ၃၈ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ မတ် ၂၄ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

# တောင်သူများအတွက် အရည်အသွေးမီ သဘာဝမြေဩဇာများ ထုတ်လုပ်နိုင်ရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

တောင်သူများအနေဖြင့် လယ်ယာစွန့်ပစ်ပစ္စည်း သီးနှံအကြွင်းအကျန် ဘေးထွက်ပစ္စည်းများကို အသုံးချကာ အရည်အသွေးမီသဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်နိုင်စေရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအတွက် ဂေဟစနစ်ကို ဖွံ့ဖြိုးစေရန်၊ ကျေးလက် MSME လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်ချက်ဖြင့် အပတ်စဉ် တောင်သူနည်းပညာဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိသည်။

မြေဆွေးပုံပြုလုပ်ရာတွင် နည်းစနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘိုကာရှီ(Bokashi)နှင့် သဘာဝမြေဆွေး (Compost)တို့၏ သဘောသဘာဝ မတူကွဲပြားခြားနားမှုကို သိရှိစေလိုကြောင်း၊ မြေဆွေးပြုလုပ်ရာတွင် (၁) အညိုရောင်ရှိသောပစ္စည်းများဖြစ်သည့် (ကောက်ရိုး၊ ဝါရိုး၊ ပဲရိုး၊ ပြောင်းရိုးနှင့် သီးနှံအကြွင်းအကျန်များ)၊ (၂) အစိမ်းရောင်ရှိသည့် ပစ္စည်းများ (ဟင်းသီးဟင်းရွက်နှင့် သီးနှံအကြွင်းအကျန်၊ ဈေးဒါနှင့်ဈေးများမှ စွန့်ပစ်ပစ္စည်းများ)၊ (၃) အစိုဓာတ်၊ (၄) အောက်ဆီဂျင်တို့ လိုအပ်ပြီး သင့်တော်သော အချိုးအစားပမာဏနှင့် ရောနှောကာ အဏုဇီဝပိုးများဖြင့် ဆွေးစေခြင်းဖြစ်ကြောင်း၊ တစ်ဖန် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့် စပါးခွံ၊ ဝါရိုး၊ ပြောင်းရိုးနှင့် ပဲပင်အကြွင်းအကျန်များမှ ဇီဝမီးသွေး (Biochar) ထုတ်လုပ်ကာ မြေတွင်ထည့်ပေးသော နည်းပညာသစ်များကို ပိုမိုအသုံးပြုရန်လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မတ် ၂၁ ရက် နံနက်ပိုင်းတွင် ဖေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အွန်လိုင်းဖြင့် ကျင်းပသည့် (၁၀၇)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ၌ ပြောကြားသည်။

ဒုတိယဝန်ကြီး ဆက်လက်ပြောကြားရာတွင် သုတေသီများနှင့် နည်းပညာပြန့်ပွားရေးဝန်ထမ်းများက တောင်သူများ ကိုယ်တိုင်ကိုယ်ကျပါဝင်နိုင်သော မြေဆီလွှာကျန်းမာရေးနှင့် မြေဆီဩဇာထက်သန်ရေးစီမံချက်များကို စနစ်တကျ ချမှတ်ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီမှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေဆီလွှာအာဟာရဓာတ်ရှင်သန် ထက်မြက်ရေးနှင့် ထိန်းသိမ်းရေးစီမံကိန်း (Soil Fertility Improvement Program) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘေးထွက်ပစ္စည်းများအား အသုံးပြု၍ လေပေးစနစ်နှင့် In-Vessel စနစ်တို့ဖြင့် သဘာဝမြေဆွေးထုတ်လုပ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးအဏုဇီဝဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာယုယုမင်းက ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဘိုကာရှီနှင့် သဘာဝမြေဆွေးတို့၏ ကွဲပြားခြားနားမှု၊ လေပေး၍ မြေဆွေးစေသည့် နည်းပညာ၏ အရေးပါပုံ၊ ဓာတုမြေဩဇာသုံးစွဲမှုကို လျှော့ချပြီး မြေဆီလွှာ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လယ်ယာစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်း (Recycling)နှင့် အရည်အသွေးမီ သဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်နိုင်စေရန်နှင့် ထုတ်လုပ်သည့်နည်းပညာများ ဖြန့်ဝေပေးခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

# ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

# ညောင်ဦးခရိုင်၌ ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို

**ညောင်ဦး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်း ဇမ္ဗူဒီပ သာသနာ့ဗိမာန်တော်ကြီး၌ လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင်လည်းကောင်း ဖြေဆိုလျက်ရှိသည်။



အဆိုပါ စာမေးပွဲတွင် ဓမ္မာစရိယစာမေးပွဲကို စတင်ကျင်းပခြင်းဖြစ်ပြီး ညောင်ဦးမြို့နယ်၌ ရဟန်း အပါး ၂၀၊ သီလရှင် ခုနစ်ပါး၊ စုစုပေါင်း ၂၇ ပါးနှင့် ကျောက်ပန်းတောင်းမြို့နယ်၌ ရဟန်း အပါး ၃၀၊ သီလရှင် နှစ်ပါး၊ စုစုပေါင်း ၃၂ ပါး ဖြေဆိုလျက်ရှိပြီး မတ် ၂၃ ရက်မှ ဧပြီ ၄ ရက်အထိ ဖြေဆိုမည်ဖြစ်ကြောင်း၊ အဆိုပါ စာမေးပွဲကို ရဟန်းသာမဏေနှင့်သီလရှင်များ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ် ဆရာတော်ကြီးများက အနီးကပ်ကြီးကြပ်၍ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များက ရဟန်းသာမဏေ၊ သီလရှင်များ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် အနီးကပ်ကြီးကြပ်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

(၄၈၁)

# မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးဝန်ထမ်းများအား AI ဉာဏ်ရည်တုနည်းပညာဆိုင်ရာသင်တန်း ဖွင့်လှစ်သင်ကြားပေး



**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးဝန်ထမ်းများအား AI ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်တန်းကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

ဦးစွာ AI ဉာဏ်ရည်တုနည်းပညာဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌက AI ဉာဏ်ရည်တုနည်းပညာဆိုင်ရာသင်တန်းပို့ချမှုနဲ့ စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရုံးလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုမှုများ တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ခရိုင်နှင့် မြို့နယ်ဥပဒေရုံးအဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်းများအား ICT သင်တန်းများ တက်ရောက်စေခြင်းဖြစ်သည်။

မတ် ၂၃ ရက်မှ ၂၄ ရက်အထိ၊ နှစ်ရက်ကြာ ကျင်းပပြုလုပ်သည့် AI ဉာဏ်ရည်တုနည်းပညာဆိုင်ရာသင်တန်းမှ သင်ခန်းစာပို့ချချက်များသည် ဌာနဆိုင်ရာ လုပ်ငန်းများအား လျင်မြန်လွယ်ကူစေရန် အထောက်အပံ့ဖြစ်ကြောင်း သင်တန်းသားများထံမှ သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

○ ရှေ့ဖုံးမှ

ထို့နောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဖွဲ့စည်းသွားမည်**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌအဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာနှင့် အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လွှတ်တော်သို့တင်ပြ**

ထို့နောက်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးတေဇကျော်နှင့် အတွင်းရေးမှူးအဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို မတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၃

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့် ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ တစ်ချိန်တည်း ကျင်းပသည်။





သွေးလှူဒါန်းပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းစုစုပေါင်း ၂၁၆ ဦးတို့က ဂုဏ်ပြုသွေးလှူဒါန်းကြရာ သွေးလှူရှင် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး ဇော်လင်းအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားကာ သွေးအလှူရှင်များကို အာဟာရ ဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်း စုစုပေါင်း ၂၁၆ ဦးတို့က စုပေါင်း သွေးလှူဒါန်းခဲ့ကြပြီး မတ် ၂၄ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်း ၁၅၈ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည် ဖြစ်ရာ စုစုပေါင်းသွေးလှူဒါန်းသူ ၃၇၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။





အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း စက်သုံးဆီမြိုးခြံချွေတာနိုင်ရေး လျှပ်စစ်ဓာတ်အားနှင့်တွဲဖက်၍ ပြန်လည်ပြည့်ဖြိုးစွမ်းအင်ဆိုလာများ တပ်ဆင်အသုံးပြုသွားရေး၊ ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ နေရာချထားပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေးမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်အား ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ကာလအတွင်း စက်သုံးဆီမြိုးခြံချွေတာနိုင်ရေး လျှပ်စစ်ဓာတ်အားနှင့်တွဲဖက်၍ ပြန်လည်ပြည့်ဖြိုးစွမ်းအင်ဆိုလာများ တပ်ဆင်အသုံးပြုသွားရေး၊ ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ နေရာချထားပေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီနာယက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးမြို့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ကျုံးပတ်လည်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ စက်သုံးဆီ မြိုးခြံချွေတာသုံးစွဲရေးအလေးထားဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင်လည်း ဝန်အားမျှတမှုရှိစေရန်နှင့် ဓာတ်အားခကုန်ကျမှု သက်သာစေရန် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် တွဲဖက်၍ အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ လမ်းလျှောက်သင်္ကြန်ကျင်းပသည့်ကာလတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများအပါအဝင် လေလွင့်ပြုန်းတီးမှုများ မရှိစေရေး စနစ်တကျစီမံ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လောင်စာဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးတွင်လည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားခဲ့သည်။



ဎင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး လုပ်ငန်းကော်မတီဝင်များက ဖွင့်ပွဲ၊ ပိတ်ပွဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ ပုဂ္ဂလိကလမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များ၊ စတုဒိသာဧည့်ခံမဏ္ဍပ်များ စနစ်တကျနေရာချထားပေးနေမှုများနှင့် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ





* စာမျက်နှာ ၂၄ မှ

စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်(၉၂၆၀ ဒသမ ၀၆၃)သန်း ကျခံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပါကြောင်းနှင့် ရေရှည်ကောင်းမွန်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဎင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေလူထုစိတ်ချမ်းမြေ့စေရန်၊ အချိန်တိုအတွင်း သွားလာမှု အဆင်ပြေချောမွေ့လွယ်ကူစွာရှိစေရန် လမ်းများအား မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ယာဉ်ကြောကျပ်တည်းဖြစ်ပွားမှုများ လျှော့ချနိုင်ရေးအတွက် အလေးထားကာ အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ယခုဆောင်ရွက်ခဲ့သည့် လမ်းမကြီးအပိုင်းမှာ လမ်းအရှည်ပေ ၁၂၂၀၀၊ လမ်းအကျယ် တစ်ဖက်လျှင် ၂၄ ပေနှင့် (၄)လမ်းသွားဖြစ်ပြီး လမ်းလယ်ကျွန်း အကျယ်ပေ ၂၀ ဖြစ်ပြီး ပြည်သူလူထုလမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမရှိစေရန်၊ ကုန်စည်စီးဆင်းမှုမပျက်စေရန်၊ ပြန်လည်တည်ဆောက်ပြုပြင်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားပြီးနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဎင်းနောက် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအမှတ်တရလက်ဆောင်များပေးအပ်ကာ လမ်းတစ်လျှောက်ကြည့်ရှု၍ မြို့မိမြို့ဖများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်းနှင့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုနေကြသည့် သံဃာတော်များနှင့် သီလရှင်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်





**မန္တလေး မတ် ၂၃**

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို မတ် ၂၃ ရက်မှ စတင်ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်စာဖြေဌာနများတွင် သံဃာတော်များနှင့် သီလရှင်များ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုလျက်ရှိကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း စာဖြေဌာနများသို့ သွားရောက်၍ စာဖြေသံဃာတော်များနှင့် သီလရှင်များ စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနေမှုများကို ကြည့်ရှုဖူးမြော်ကြသည်။

အဆိုပါ စာဖြေဌာနများသို့ ရောက်ရှိစဉ် အစိုးရဓမ္မာစရိယ စာဖြေဌာန ကြီးကြပ်ရေးအဖွဲ့ ဩဝါဒါဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့ဆရာတော်များအားဖူးမြော်၍ ဩဝါဒများခံယူပြီး စာဖြေခန်းများတွင် စာဖြေသံဃာတော်များ၊ သီလရှင်များ အေးချမ်းစွာဖြင့်စာဖြေဆိုနေမှုကို လိုက်လံကြည့်ရှု ကြည်ညိုကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူးနှင့်တာဝန်ရှိသူများအား စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများ၊ စာဖြေသံဃာတော်များ၊ သီလရှင်များ စိတ်ချမ်းမြေ့စေရေးနှင့် သွားလာရေးအဆင်ပြေစေရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများကို မတ် ၂၃ ရက်မှစတင်၍ မတ် ၃၁ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေဌာန(၉)ဌာန ဖွင့်လှစ်ထားပြီး ယနေ့ကျမ်းရင်း ပါရာဇိကဏ်(ပထမနေ့)တွင် စာရင်းပေးသွင်း အပါးရေ(၂၂၀၇)ပါးရှိပြီး ဖြေဆိုအပါးရေ (၁၈၄၂)ပါးရှိရာ ဖြေဆိုမှု(၈၃ ရာခိုင်နှုန်း)ရှိကြောင်း၊ ပါဠိပထမပြန် စာမေးပွဲများကို မတ် ၂၉ ရက်မှ စတင်၍ ဧပြီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## ကျေးလက်ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**တာချီလိတ် မတ် ၂၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မိုင်းကိုးကျေးရွာအုပ်စု၊ မယ်လိတ်ပါကော်ကျေးရွာ ကျေးလက်ကုန်ထုတ် လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါလမ်း မုခ်ဦးတွင် ကျင်းပသည်။



(အောက်ပုံ)

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ကုန်ထုတ်လမ်းသစ်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား မယ်လိတ်ပါကော်ကျေးရွာသူကြီး ဦးယောဘက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မယ်လိတ်ပါကော်ကျေးရွာသူကြီးတို့က ကျေးလက်ကုန်ထုတ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ လမ်းသစ်အား ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းသစ်ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေရှိ မြေသားလမ်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း**

(ပြန်/ဆက်)



## ကျောက်ဆည်မြို့နယ်၌ အစိုးရဓမ္မာစရိယစာမေးပွဲ စတင်ဖြေဆို

**ကျောက်ဆည် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ အစိုးရဓမ္မာစရိယ စာမေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက သင်တောင်းကျေးရွာ ဆုတောင်းပြည့် မဟာရွှေသိမ်တော်ဘုရား ဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

အစိုးရဓမ္မာစရိယ စာမေးပွဲ ပါရာဇိကဏ်ဘာသာရပ်တွင် သံဃာ ၂၈ ပါးဝင်ရောက် ဖြေဆိုခဲ့ကြောင်းသိရပြီး စာဖြေသံဃာတော်များ အေးချမ်းစွာ ဖြေဆိုနိုင်ရေး ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာရွှေစေတီစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ (မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်ကြီးများက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ကျောက်ဆည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဦးဟန်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များနှင့် အချိုရည်များ၊ ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

# ကျွန်တော်နှင့်. . .မန္တလေးတိုင်းဒေသကြီး

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး အတွင်းမှာဆိုလို့ရှိရင် ခရိုင်(၁၁)ခု ရှိပါသည် ခင်ဗျား။

အဲ့ဒီခရိုင်တွေကတော့ -

(၁) မဟာအောင်မြေခရိုင်
(၂) ပြင်ဦးလွင်ခရိုင်
(၃) ကျောက်ဆည်ခရိုင်
(၄) မြင်းခြံခရိုင်
(၅) ညောင်ဦးခရိုင်
(၆) ရမည်းသင်းခရိုင်
(၇) မိတ္ထီလာခရိုင်
(၈) သပိတ်ကျင်းခရိုင်
(၉) တံတားဦးခရိုင်
(၁၀) အောင်မြေသာစံခရိုင်
(၁၁) အမရပူရခရိုင်...တို့ပဲ ဖြစ်ပါသည် ခင်ဗျား။

(၁) မဟာအောင်မြေခရိုင်မှာတော့ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့ ပါဝင်ပါသည်။

(၂) ပြင်ဦးလွင်ခရိုင်မှာတော့ ပြင်ဦးလွင်တစ်မြို့နယ်တည်း ပါပါသည်။

(၃) ကျောက်ဆည်ခရိုင်မှာတော့ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် ကူမဲမြို့တို့ ပါဝင်ပါသည်။

(၄) မြင်းခြံခရိုင်မှာတော့ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ တောင်သာမြို့နယ်နှင့် ဆီမီးခုံမြို့တို့ ပါဝင်ပါသည်။

(၅) ညောင်ဦးခရိုင်မှာတော့ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ငါ့သရောက်မြို့၊ ကျောက်ပန်းတောင်းမြို့နယ်တို့ ပါဝင်ပါသည်။

(၆) ရမည်းသင်းခရိုင်မှာတော့ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့ ပါဝင်ပါသည်။

(၇) မိတ္ထီလာခရိုင်မှာတော့ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်တို့ ပါဝင်ပါသည်။

(၈) သပိတ်ကျင်းခရိုင်မှာတော့ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့၊ မိုးကုတ်မြို့နယ်၊ စဉ့်ကူးမြို့နယ်တို့ ပါဝင်ပါသည်။

(၉) တံတားဦးခရိုင်မှာတော့ တံတားဦးမြို့နယ်၊ ငါန်းဇွန်မြို့နယ်တို့ ပါဝင်ပါသည်။

(၁၀) အောင်မြေသာစံ ခရိုင်မှာတော့ အောင်မြေသာစံမြို့နယ်၊ မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်တို့ ပါဝင်ပါသည်။

(၁၁) အမရပူရခရိုင်မှာတော့ အမရပူရမြို့နယ်နှင့်မြစ်ငယ်မြို့တို့ ပါဝင်ပါသည်ခင်ဗျား...။

ဒီခရိုင်(၁၁)ခုထဲမှာ လူဦးရေအများဆုံးက မိတ္ထီလာခရိုင်ဖြစ်ပြီးတော့ လူဦးရေ(၉၇၃၈၄၄) ရှိတယ် လို့ သိရပါသည်။

တစ်တိုင်းလုံးအနေဖြင့် လူဦးရေကတော့ (၆၁၁၀၉၁၄)ဦး ရှိတယ်လို့သိရပါသည်။ တစ်တိုင်းလုံး၏ အကျယ်အဝန်းကတော့ စတုရန်းမိုင် (၂၃၇၂၄ ဒသမ ၆၆)ရှိတယ်လို့ သိရပါသည်။ မိတ္ထီလာခရိုင်ဟာ အကျယ်ဝန်းဆုံးဖြစ်ပါသည်။ မိတ္ထီလာခရိုင်မှာ (၂၂၃၅ ဒသမ ၂၅) စတု ရန်းမိုင် ကျယ်ဝန်းပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မြို့နယ်ပေါင်း(၂၈)မြို့နယ်နှင့် မြို့ပေါင်း(၆)ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။

မြို့(၆)မြို့ကတော့ ကူမဲမြို့၊ ဆီမီးခုံမြို့၊ ပုဂံမြို့၊ ငါ့သရောက်မြို့၊ တကောင်းမြို့၊ မြစ်ငယ်မြို့များဖြစ်ကြောင်း တင်ပြအပ်ပါသည် ခင်ဗျား...။

ရွှေဇင်

## မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နှင့် မြို့တွင်းသင်္ကြန် ရေကစားမဏ္ဍပ်များ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်တွင် ကျရောက်သော မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မန္တလေးနန်းမြို့ ကျုံးပတ်လည်နှင့် မန္တလေးမြို့တော်အတွင်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီမံထားရှိပါသည် -

(က) ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ကျုံးအနောက်ဘက်ခြမ်း လမ်း ၈၀၊ ကျုံးအရှေ့ဘက်ခြမ်း ၆၆ လမ်းနှင့် ကျုံးမြောက်ဘက်ခြမ်း ၁၂ လမ်း ကျုံးပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်၍ နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေကာ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ခ) ၇၃ လမ်းတစ်လျှောက် သဇင်လမ်းမှ ငုရွှေဝါလမ်းအထိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ရှေ့တွင် လောင်းလှေများ၊ ကြယ်ပွင့်များ၊ ပန်းအလှခြင်းများ၊ ရောင်စုံထီးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သင်္ကြန် အစီအစဉ်များဖြင့် အလှဆင်ဆောင်ရွက်မည့်အပြင် ရေကစားမဏ္ဍပ်အသေးများ ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော် သရုပ်ဆောင်၊ အဆိုတော်များဖြင့် ဧည့်ခံဖျော်ဖြေ၍ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်ပါသည်။

(ဂ) မန္တလေးမြို့တော်အတွင်းနှင့် ကျုံးပတ်လည်နေရာများတွင် ရေကစားမဏ္ဍပ် ဆောက်လုပ်၍ ရေပက်ကစားလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(ဃ) ကျုံးပတ်လည် လမ်းလျှောက်သင်္ကြန်နေရာများတွင် မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်ခြင်း လုံးဝခွင့်မပြုပါ။

၂။ သို့ဖြစ်ပါ၍ မန္တလေးမြို့ပေါ် (၆)မြို့နယ်ရှိ လမ်းမကြီးများနှင့် မန္တလေး နန်းမြို့ ကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်၍ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရေကစားလိုသူများအနေဖြင့် ရေကစားရန်နေရာများကို **"မည်သည့်အစွန်အစများ ပေးသွင်းရန် မလို့ဘဲ"** ဦးရာလူစနစ်ဖြင့် ပုဂ္ဂလိကသင်္ကြန်မဏ္ဍပ်များ ပြင်ဆင်ရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းများ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ဖုန်းနံပါတ် ၀၉-၂၆၂၂၉၁၃၇၄၊ ၀၉-၂၅၆၃၇၈၆၅၄ တို့ထံသို့ **(၉-၄-၂၀၂၆)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ။**

## မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ မဟာသင်္ကြန် အထူးတရားစခန်းဖွင့်မည်

**မန္တလေး မတ် ၂၃**

၁၃၈၇ ခုနှစ် မဟာသင်္ကြန် ကာလ မန္တလေးတောင်ခြေ ဖား အောက်တောရရိပ်သာ အထူး တရားစခန်းပွဲကို တန်ခူးလပြည့် ကျော် ၈ ရက်မှ ကဆုန်လဆန်း ၂ ရက်အထိ၊ ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ် သည်။

မဟာသင်္ကြန်အထူးတရား စခန်းကို မန္တလေး ဖားအောက် တောရရိပ်သာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တကေသရိန္ဒ အမှူးပြု သော နာယကဆရာတော်များ၏ သြဝါဒကိုခံယူပြီး ဖားအောက် တောရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တာဝန်ယူ ဆောင်ရွက်သွား မည်ဖြစ်သည်။

စခန်းဝင် ယောဂီစုစုပေါင်း ၅၀၀ သာ လက်ခံမည်ဖြစ်ပြီး ရိပ်သာ၌ လောလောဆယ် သန္တေဝင် ရှင်ယောဂီ၊ လူယောဂီ ၁၃၀ ရှိသဖြင့် ယောဂီအသစ် ၃၇၀ သာ လက်ခံမည်ဖြစ်သည်။

စခန်းဝင် ယောဂီများ နေထိုင်ရေးနှင့် နံနက်စာ၊ နေ့လယ်စာ၊ ညနေဆေးဖျော်ရည်တို့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် အလှူရှင်များက ဒါနပြုလှူဒါန်းကျွေးမွေးသွားမည်ဖြစ်သည်။

မဟာသင်္ကြန်အထူးတရား စခန်းဝင်လိုသော ရပ်ဝေး၊ ရပ်နီးမှ မည်သူမဆို ဖားအောက် တောရရိပ်သာရုံး၊မန္တလေးတောင် ခြေ တောင်ဆင်းကားလမ်းဘေး၊ ဥပုသ်တော်ရပ်သို့ လူကိုယ်တိုင် ဖြစ်စေ၊ ရုံးအဖွဲ့မှူး ဖုန်း ၀၉-၄၀၂၆၅၃၂၂၂ သို့ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(၀၄၀)






## Artificial Intelligence နှင့်ပတ်သက်၍ ဝန်ထမ်းများအား ရှင်းလင်းဟောပြော

**မန္တလေး မတ် ၂၃**

Artificial Intelligence နှင့်ပတ်သက်၍ ဝန်ထမ်းများအား ရှင်းလင်းဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြို့တော် ခန်းမတွင် ကျင်းပသည်။

ရွေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မန္တလေးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် အမှုဆောင် ဦးစည်သူတို့က AI အကြောင်း သိကောင်းစရာများကို ဟောပြောကြပြီး လက်တွေ့လုပ်ဆောင်ခြင်းများနှင့်အတူ ဌာန အလိုက် လုပ်ဆောင်နိုင်သည် များကို ဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးခွန်းများကို ပြန်လည် ဆွေးနွေးပေးခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ AI နှင့်ပတ်သက်၍ ဝန်ထမ်းများအား ရှင်းလင်းဟောပြောပွဲသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဌာန ၁၄ ဌာနမှ ဝန်ထမ်းအင်အား ၂၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## (၈၁)နှစ်မြောက် တပ်မတော်နေ့အကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**အမရပူရ မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု (Community Centre) ခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက (၈၁)နှစ်မြောက် တပ်မတော်နေ့အကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပသည်။

ဦးစွာ တပ်မတော်နေ့အကြောင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းက ရှင်းလင်းပြောကြားခဲ့ပြီး တပ်မတော်နေ့ အထိမ်းအမှတ် အလင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များကို စိတ်ဝင်တစား ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) စိုးသီဟ(အမရ)**



# အတိတ်ကို လှမ်းမျှော်ကြည့်စရာ သီပေါမင်းနှင့် စိန်ဗေဒါ

တစ်နေ့ နံနက်ခင်းမှာ မိတ်ဆွေတစ်ယောက်ရောက်ရှိလာပါတယ်။ ကျွန်တော်က ပြုံးပြကာ ဖိတ်ခေါ်ကြိုဆိုရင်း နှုတ်ခွန်းဆက်လိုက်ပါတယ်။

လာဗျို့… ခင်ဗျားကြည့်ရတာ ပြောင်ပြောင်လက်လက်နဲ့ အသွေးအရောင်တောက်ပနေလိုက်တာ အလှူပွဲတစ်ခုက ပြန်လာတာကျနေတာပဲ။

ဟုတ်တယ်…အလှူကပြန်လာတာ။ တပေါင်း၊ တန်ခူးဆိုရင် အလှူပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပကြတော့မယ်။ အဲ့ဒီအလှူပွဲတွေမှာ ရှင်လောင်းလှည့်ပွဲတွေ၊ အလှူနေ့ကျတော့ ဘိသိက်ပွဲတွေ၊ ဆိုင်းအဖွဲ့တွေ ဒါတွေကြည့်ကြရတော့မယ်။ ကျွန်တော်က ဆိုင်းအဖွဲ့ ဖျော်ဖြေကြတာကို ကြည့်ဖြစ်၊ နားထောင်ဖြစ်တယ်ဗျ။ ပြောရရင် အဘိုးစိန်ဗေဒါကြီးရဲ့ မင်္ဂလာဗြောညွှန့်ကို အလွမ်းပြေနားထောင်ချင်လို့ပါ။ ကြိုက်လည်းကြိုက်တယ်။ အလှူနဲ့လည်း လိုက်ဖက်တယ်။

အော်…သီချင်းရော အတီးရော ကောင်းတာကိုးဗျ၊ "မြို့လယ်မဏ္ဍပ် အရပ်မှာတဲ့ကုသိုလ်×××ကျောင်းကြီးရယ်အို××× လက်ရမ်းငယ်ပြို့"အဲ့ဒီသီချင်းမဟုတ်လား။ အဲ့ဒီသီချင်းကို ဆရာကြီးကိုယ်တိုင် သီဆိုတီးပြသွားတာ။ မူရင်းဓာတ်ပြားတွေထဲက အသံဖမ်းယူထားတာ ကြားချင်ရင်တော့ လိုင်းပေါ်က ရှာကြည့်ဗျာ။ Facebook ထဲမှာ တွေ့လိမ့်မယ်။ နားထောင်လိုက်တော့ ဆရာကြီးစိန်ဗေဒါရဲ့ မူရင်းဓာတ်ပြားတွေ အတော်များတာတွေ့ရတယ်။ အဲ့ဒီထဲမှာပါတဲ့ ဒို့ဘာသာ ဒို့သာသနာ၊ နိဗ္ဗာန်မဂ်ဖိုလ်၊ မဟာတူရိယာ၊ ငွေမိုးရွာ၊ ပပဝင်းဝင်း၊ ဓာတ်တူနံတူ၊ သာသနာ့အမွေခံ၊ သက်တော်ရှည်၊ မင်္ဂလာရကင်း၊ အလှပြိုင်ပွဲတဲ့ အို… အများကြီးပါပဲဗျာ။ ဆိုင်းပညာရှင်တွေ ဆိုစမှတ်ပြုကြတဲ့ စကားရှိတယ်ဗျ။ ပညာအကောင်းဆုံးက စိန်ဗေဒါ၊ ဉာဏ်အကောင်းဆုံးက ဦးဟန်ပ၊ လက်သံအကောင်းဆုံးက ဦးဘမောင်တဲ့ဗျာ မှတ်ထားဦး။

ဟုတ်ကဲ့ပါဗျာ။ အလှူနဲ့ပတ်သက်တဲ့ သီချင်းတွေ ဘာသာ၊ သာသနာသီချင်းတွေရော စုံနေတာပါလား။ ဒီသီချင်းတွေကို ဘယ်မှာတီးခဲ့တာလဲဗျ။ အလှူပွဲတိုင်းမှာ တီးခဲ့တာလား။ မင်္ဂလာဗြောညွှန့်သီချင်းကို သီပေါမင်းတိုက်သစ်တက်မင်္ဂလာရယ်၊ သမီးတော်များ နားထွင်းမင်္ဂလာပွဲရယ်၊ ဒီပွဲတွေမှာတီးခဲ့တယ်လို့ စာထဲမှာ ဖတ်ဖူးတယ်။ ရတနာဂီရိစံအိမ်တော်မှာ ဖြစ်မှာပေါ့။

ဟုတ်ပါ့ဗျာ။ မန္တလေးအလှူပွဲတွေမှာလည်း တီးပါတယ်။ အဘိုး၊ အဘွား ရှေးလူကြီးတွေပြောခဲ့ကြတာက မှတ်မိသလောက်တော့ ရတနာဂီရိရောက် အရှင်နှစ်ပါးပေါ့။ သီပေါဘုရင်ရယ်၊ မိဖုရား စုဖုရားလတ်ရယ် ပြောရရင် အမှတ်ရစရာ၊ အောက်မေ့စရာတွေပါပဲ။ ကုန်းဘောင်ခေတ်နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သီပေါမင်းကို မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်(၈)ရက်၊ ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်က ဗြိတိသျှနယ်ချဲ့တွေဟာ ရတနာပုံရွှေနန်းတော်မှ ဂေါဝိန်ဆိပ်ရှိ ဗြိတိသျှသင်္ဘောပေါ် ဖမ်းဆီးတင်ဆောင်ပြီး အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့ကို ခေါ်ဆောင်သွားခဲ့ကြတယ်ဗျာ။

ဒါဆိုရင် အဲ့ဒီကစပြီး ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နှစ်ပေါင်းတစ်ရာကျော်တဲ့အထိ ဗြိတိသျှလက်အောက် ကျွန်သပေါက်ဘဝရောက်ခဲ့ကြတာပေါ့။ ဟုတ်တယ်မို့လား၊ ဒီလိုနဲ့ သီပေါမင်းတို့ ရတနာဂီရိရောက်ခဲ့ပြီး နှစ်ပေါင်းဘယ်လောက်ကြာမှ ဆရာကြီးစိန်ဗေဒါတို့ သွားရောက်ခဲ့ကြရတာလဲ။

သီပေါမင်းဟာ သက္ကရာဇ် ၁၂၂၀ ခုနှစ်မှာ မွေးဖွားပြီး အသက် ၂၀ မှာ ဘုရင်ဖြစ်ခဲ့တယ်။ ၁၂၄၇ ခုနှစ်မှာ ပါတော်မူခဲ့ရှာတယ်။ ရတနာဂီရိမှာ စံမြန်းတော်မူပြီး သက္ကရာဇ် ၁၂၇၂ ခုနှစ်မှာ တိုက်သစ်တက်မင်္ဂလာရယ်၊ နောက် "နှစ်"နှစ်ကြာတဲ့အချိန် ၁၂၇၄ ခုနှစ်မှာ သီပေါမင်းနဲ့ စုဖုရားလတ်တို့ရဲ့ သမီးတော်များ နားထွင်းမင်္ဂလာကျင်းပတဲ့အခါရယ် နှစ်ကြိမ်တိုင်တိုင် အဘ စိန်ဗေဒါကြီးတို့အဖွဲ့၊ ပိုင်းတော်သားတွေ သွားရောက်ဖျော်ဖြေဖို့ ရတနာဂီရိကို ရောက်ကြတယ်။

ဒါဆိုရင် သီပေါမင်း အသက်က ဘယ်လောက်ရှိပြီတုန်း၊ ဆရာကြီးအသက်ကရော ဘယ်အရွယ်တုန်း၊ နေမျိုးဗလကျော်သူဘွဲ့ရတာကရော ဘယ်တုန်းကလဲ၊ သီပေါဘုရင်က ဘွဲ့တံဆိပ်ချီးမြှင့်ခဲ့တာလား။

မေးခွန်းတွေများလှချေလား။ ခုနှစ်သက္ကရာဇ်တွေ မမှားရအောင် ပြန်တွက်ကြည့်လေဗျာ။ တိုက်သစ်တက် ခုနှစ်ဖြစ်တဲ့ ၁၂၇၂ ခုနှစ်ထဲက နုတ်ကြည့်ရမှာ ပါတော်မူတဲ့နှစ်ပေါ့။ ဒါဆို နုတ်ကြည့်လိုက်တော့ ၂၅ နှစ်လောက်အကြာမှာဖြစ်တယ်။ သီပေါဘုရင်အသက် ၅၀ ကျော်ပြီပေါ့။ အဘဆရာကြီးအသက်ကတော့ နေဦးဗျာ မှတ်စုစာအုပ်ထဲ ပြန်ရှာကြည့်ရမှာဗျ။ ခဏနော် မှတ်ထားတာရှိပါတယ်။ အဘဆရာကြီးစိန်ဗေဒါဟာ သက္ကရာဇ် ၁၃၀၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ အသက် ၆၀ မှာ ကွယ်လွန်တာလို့ တွေ့ရတယ်။ အဲ့ဒီသက္ကရာဇ်အရ ဆရာကြီး အသက် ၃၀ ကျော် အရွယ်ပေါ့။ ကွယ်လွန်တာကိုက နှစ် ၈၀ ကျော်ခဲ့ပြီဗျ။ တစ်ခုပြီးတစ်ခုတွက်ကြည့်တော့ ဆရာကြီးဟာ ၁၂၄၄ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ အဖြေရပါတယ်။

စိန်ဗေဒါမဖြစ်ခင်ကတည်းက နာမည်ကြီးပြီလား၊ လူသိများခဲ့ပြီလား ရှင်းပြပေးပါဦး။ စိန်ဗေဒါ မဖြစ်ခင်ကတည်းက နာမည်ကို သိချင်တာလား၊ ဗေဒါမောင်လေးလို့ လူသိများခဲ့ပါတယ်။ နေမျိုးဗလကျော်သူဘွဲ့ ရရှိခဲ့တာက ဒီလိုဗျ။ သီပေါမင်းရဲ့ စံအိမ်တော် တိုက်သစ်တက် မင်္ဂလာပွဲမှာ ဆိုင်းအဖွဲ့ ပိုင်းတော်သားအစုံအလင်နဲ့ တီးမှုတ်ဖျော်ဖြေခဲ့ကြတာပေါ့လေ။

သီပေါဘုရင်လည်း ရတနာပုံမန္တလေး မြနန်းစံကျော်ရွှေနန်းတော်ကြီးကို သတိရလွမ်းဆွတ်ပေမယ်ပေါ့ဗျာ။ ကိုယ်ချင်းစာကြည့်မိတာပါ။

ဒါကြောင့်လည်း ဆိုင်းအဖွဲ့ရော၊ စောင်းအဖွဲ့ရော၊ အဆိုရှင်တွေရောပါဝင်ကြတဲ့ အတီးအမှုတ်အဖွဲ့ သုခုမပညာရှင်တွေကို ခေါ်လိုက်တာပေါ့။ ဟိုရောက်တော့ နားတော်သွင်းဧည့်ခံဖျော်ဖြေတင်ဆက်ကြတဲ့အခါ သီပေါဘုရင်က အမေးတော်ရှိတယ်ဗျ။

"ဗေဒါမောင်လေးလို့ ဘယ်လိုကြောင့် လူသိများတာတုန်း"၊ ဆရာကြီးက ပြန်ဖြေပါတယ်။ ဗေဒါမောင်လေးဆိုတာ ဗေဒါသီချင်းကြောင့်ပါလို့ ပြန်လည်သံတော်ဦးတင်တယ်ပေါ့ဗျာ။

"ငါကိုယ်တော် သိချင်တယ်၊ နားထောင်ချင်တယ်၊ တီးပြစမ်းပါ"လို့ မိန့်ဆိုတာကြောင့် ဗေဒါသီချင်းကို ဆိုတီးပြရတာပေါ့ဗျာ၊ သီချင်းက ဒီလိုပါ နားထောင်နော်…။

ဗေဒါ ဗေဒါ×××နှင့်ဘူးကိုဘယ်သူချဲ့ ××× ပြောဟော့ဗေဒါ မဗေဒါ ××× အသေအချာ ဗေဒါမရယ်က ××× နေရာချပါလို့ မပြောနိုင် ××× မြတ်ဆရာအော်ကာငေါက် ခေါင်းဖျောက်ပါလို့ ဗေဒါမှိုင် ×××။

အဲ့ဒီသီချင်းတီးလုံးကို ဆရာကြီးက ဒုံးကဲကြီး၊ နှစ်ဆစ်ဒုံး၊ သံမှန်ဒုံး၊ ဗယ်တျော၊ ဗယ်တေဒူးလုံး အစရှိတဲ့ ပတ်ရင်းခြောက်လုံးတည်းနဲ့ အပီအပြင်တီးပြလိုက်ပါတယ်။ ဒီမှာပဲ ဘုရင်က သဘောကျနေပြီပေါ့ဗျာ။ ဒါ့အပြင် ရွှေနားတော်သွင်း သပြေခံတီးလုံးကို ဖောင်လား၊ ဖောင်ငင်၊ ဖောင်ဆိုက် ဆိုတဲ့ ကြိုးသီချင်းတီးလုံးတွေကလည်း စောင်းသံနဲ့အတော်တူတယ်တဲ့ဗျ။

အဲ့ဒီလို ပတ်လုံးသံတွေက စောင်းသံနဲ့မခြား တူလှတာကြောင့် အားရကျေနပ်ပြီး ဂုဏ်ပြုကာ နေမျိုးဗလကျော်သူဘွဲ့တံဆိပ်ကို ချီးမြှင့်တော်မူလိုက်ပါတယ်။ ဆိုင်းပညာရှင်တွေကတော့ ဒုံးကဲကြီးတို့ နှစ်ဆစ်ဒုံးတို့ ဘာတို့ညာတို့ ကြိုးသီချင်းတို့ကို သိကြမှာပေါ့ဗျာ။ ကျွန်တော်တို့က အရပ်သားတွေကိုး၊ စာတွေ့လောက်ပဲ ရှိကြမှာပေါ့။

တစ်လက်စတည်း မေးလိုက်ပါဦးမယ်။ ဆရာကြီး"ဆိုင်း"စတီးဖို့ ပတ်ဆင့်ရတယ်ဆိုတာလေး။

အများကြီးရှိတယ်။ စိန်ဗေဒါရဲ့ ဆိုင်းနောက်ထိုင် ဦးဂုံညင်းနဲ့ ဦးရုပ်ဆိုးတို့ ပတ်ဆင့်ခဲ့တာကတော့ "တူရိယာနာမံ အတ္တာနံ ဒါရေတီတိ တူရိယာတဲ့" ဒွါရယာမူ ရှိလာနည်းအတိုင်း ပြရမှာဖြင့် နည်းလမ်းစည်းကမ်း ဌာန်ကရိုဏ်းအရ ပတ်တီးသင်ရင်ဖြင့် ဝါးလက်စည်းဝင်ကာ၊ ဘယ်ဘက်ကအနှစ်သံ တကယ်ခက်တဲ့ အစစ်အမှန် အသံစွက် ယာဘက်ကတျော၊ ဝဲဘက်က သံမှန် ဒွိနှစ်တန်စုံဖွဲ့တော့၊ ကိုးလုံးနဲ့ဌာန် ရှစ်လုံးတျာခံလို့ ငါးလုံးသံတေကို နှော၍ ရိုးရာမပျက်ရအောင် တီးပြပါဦး ဆရာ…။"

မှတ်သားစရာ ကောင်းပါတယ်။ ခင်ဗျားပြောသလို ဖုန်းထဲမှာ သီချင်းတာလေးတွေ ကြည့်ဦးမယ်။ မြန်မာမှုပညာအကြောင်းတွေ၊ အဆိုအကသုခုမပညာအကြောင်းတွေ ကျွန်တော်လေ့လာဖို့ လိုနေပြီဗျာ။

လေ့လာပါဗျာ၊ ကျွန်တော်လည်း ရှေးဆရာကြီးတွေရဲ့ စာပေတွေ ရှာဖွေကြည့်ရှုရတာ အလှူပွဲအကြောင်းဆို မင်္ဂလာဗြောညွှန့်သီချင်းက အလှူပွဲနဲ့ အလိုက်ဖက်ဆုံးပါပဲ။ စာပလွေရင်မှာပိုက်ပါလို့ စာပလွေမောင်မှာ ပိုက်ပါလို့တဲ့ ××× ကျောင်းတော်ကိုတဲ့ လိုက်မယ့်ပြင်×××ဘယ်စာကို ဘယ်နှဝါ မောင်သင်မလို့တုန်း ××× ဘယ်စာကို ဘယ်နှစ်ဝါ မောင်သင်မလို့တုန်း ××× ပြောပြော ပြောလှည့်ပါဦး ×××

အဲ့ဒီမှာ တီးလုံးက လွမ်းစရာလေး၊ ဝမ်းနည်းစရာလည်းကောင်း၊ ရှင်သာမဏေဘဝနဲ့ မြင်ရတော့မှာမို့ ကြည်နူးစရာလည်းကောင်း၊ အတွေးပေါင်းစုံ၊ ရသမျိုးစုံ ခံစားကြရတဲ့အချိန် တီးလုံးက အသက်ဝင်လှသလို ပြောရရင် ဘိသိက်ဆရာကလည်း"သယ်"သွားရတဲ့ တီးလုံးပဲပေါ့။ အလှူပွဲမှာ ဘိသိက်ဆရာက အလှူပွဲလာပရိသတ်တွေကို ဆွဲဆောင်ပြီး မျက်ရည်စလေးတွေ ထွက်လာအောင် မျက်ရည်ချူလိုက်တာပေါ့ဗျာ…၊ အစဉ်အလာသဘောလို့တော့ မပြောဝံ့ပါဘူး။ ဒါက မင်္ဂလာဗြောညွှန့်ပါပဲ။

**ဦးနေဝင်း ဗန္ဓုလ(ကြေးသွန်း)**

## မန္တလေးဈေးကွက်တွင် မြေပဲဈေးကျဆင်းလာ

**မန္တလေး မတ် ၂၃**

မန္တလေးဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဈေးနှုန်းများ ယခုရက်သတ္တပတ်အတွင်း ပြန်လည်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်တွင် မြေပဲဈေးများ မြင့်တက်ခဲ့သော်လည်း ယခုအပတ်တွင် ပြည်တွင်းဝယ်လိုအား လျော့နည်းလာမှုများကြောင့် တစ်တန်လျှင် ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်အထိ ဈေးကျဆင်းလာသည်။

မန္တလေးဈေးကွက်တွင် မြေပဲ S1 လုံးဆန်(မြင်းမူ)တစ်တန်လျှင် ငွေကျပ် ၆၇၃၀၀၀၀ ကျော်ဖြင့် ဈေးတည်ငြိမ်နေသော်လည်း အခြားအမျိုးအစားများတွင် ဈေးကျဆင်းမှုများ ရှိခဲ့သည်။ မြေပဲအနီလုံးဆန်တစ်တန်လျှင် ငွေကျပ် ၆၄၆၀၀၀၀ ကျော်မှ ငွေကျပ် သိန်း ၆၀ ကျော်သို့ ကျဆင်းခဲ့ပြီး မြေပဲပြန့်လုံးဆန်မှာလည်း ငွေကျပ် ၆၆၁၀၀၀၀ ကျော်မှ ငွေကျပ် ၆၃ သိန်းကျော်သို့ လျော့နည်းသွားခဲ့သည်။

ထို့အပြင် ဆီထုတ်လုပ်ရာတွင် အသုံးပြုသော ဆီဆန်အမျိုးအစားများတွင်လည်း ဈေးကျဆင်းမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။ မြေပဲ S1 ဆီဆန်တစ်တန်လျှင် ငွေကျပ် ၆၃ သိန်းကျော်မှ ငွေကျပ် ၆၂၄၀၀၀၀ ကျော်သို့ ကျဆင်းခဲ့ပြီး မြေပဲအနီဆီဆန်မှာ ငွေကျပ် ၆၁၈၀၀၀၀ ကျော်မှ ငွေကျပ် ၅၈၁၀၀၀၀ ကျော်သို့ လျော့နည်းသွားခဲ့သည်။

ထို့အပြင် မြေပဲပြန့်ဆီဆန်မှာလည်း ငွေကျပ် ၆၅၅၀၀၀၀ ကျော်မှ ငွေကျပ် ၆၁၂၀၀၀၀ ကျော်သို့ ဈေးကျဆင်းခဲ့သည်။

ဈေးကွက်လေ့လာသူများအနေဖြင့် ယခုကဲ့သို့ ဈေးကျဆင်းမှုများသည် ပြည်တွင်းဝယ်လိုအားနည်းခြင်းနှင့် လက်ရှိရောင်းဝယ်မှု လျော့နည်းနေမှုတို့ကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်ထားကြပြီး နောက်လာမည့်ကာလတွင် ဈေးနှုန်းများ ဆက်လက်လှုပ်ရှားနိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

(အောက်ပုံ)



(မန္တလေးနေ့စဉ်-ဓ)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စင်ကာပူနှင့် ဩစတြေးလျထောက်ပံ့ရေးကွင်းဆက် အားဖြည့်ရန် နှစ်နိုင်ငံ ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်သွားမည်



**ကင်ဘာရာ မတ် ၂၃**

ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ရည် အပါအဝင် အဓိကကုန်စည်များအား ပုံမှန်ကုန်သွယ်မှု ရှိစေရန်နှင့် ထောက်ပံ့ရေးကွင်းဆက် ကြံ့ခိုင်မှုကို အားဖြည့်ရန် စင်ကာပူနှင့် ဩစတြေးလျနိုင်ငံတို့က ကြိုးပမ်းအားထုတ်မှုများကို တိုးမြှင့်သွားမည်ဟု နှစ်နိုင်ငံ ခေါင်းဆောင်များက ပြောကြားခဲ့သည်ဟု စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

စင်ကာပူ ဝန်ကြီးချုပ် လောရင့်စ်ဝေါင်းနှင့် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီ အယ်လ်ဘာနိစ်တို့သည် ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် အရှေ့အလယ်ပိုင်းဒေသ အခြေအနေများနှင့် ၄င်း၏ အကျိုးဆက်များဖြစ်သော စွမ်းအင်ထောက်ပံ့ရေးကွင်းဆက်နှင့် ဈေးနှုန်းများအပေါ် သက်ရောက်မှုများအတွက် များစွာ စိုးရိမ်မိကြောင်း ဖော်ပြခဲ့ကြသည်။

အမေရိကန် - အစ္စရေးနှင့် အီရန်တို့အကြား ဖြစ်ပွားနေသော ပဋိပက္ခသည် သဘာဝဓာတ်ငွေ့ရည် အဓိကတင်ပို့သည့် ကာတာနိုင်ငံကဲ့သို့သော ပင်လယ်ကွေ့နိုင်ငံများရှိ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ပျက်စီးစေခဲ့ပြီး ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ရည် ငါးပုံတစ်ပုံခန့် ပုံမှန်ဖြတ်သန်းရာ ဟော်မုဇ်ရေလက်ကြားကိုလည်း လက်တွေ့တွင် ပိတ်ဆို့သွားစေခဲ့ကြောင်း သိရသည်။

**Mon**

## မကြာမီ စံချိန်တင်အပူချိန်များ ထပ်မံဖြစ်ပေါ်လာနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်များက စိုးရိမ်လျက်ရှိ

**ဝါရှင်တန် မတ် ၂၃**

ကမ္ဘာ့ရာသီဥတုသည် မှတ်တမ်းတင်ထားသည့် သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂ မိုးလေဝသအေဂျင်စီက သတိပေးပြောကြားခဲ့သည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သော ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကြောင့် ကမ္ဘာမြေသည် ပြန်လည်စွန့်ထုတ်နိုင်သည့် အပူစွမ်းအင်ထက် ပိုမိုများပြားသော အပူစွမ်းအင်များကို စုပ်ယူရရှိနေကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ဆိုသည်။

စံချိန်တင်ဖြစ်ပေါ်နေသည့် အဆိုပါ 'အပူစွမ်းအင် မမျှတမှု' ကြောင့် ယမန်နှစ်က သမုဒ္ဒရာရေထုအပူချိန် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည့်အပြင် ကမ္ဘာ့ရေခဲပြင်များလည်း ဆက်လက်အရည်ပျော်လျက် ရှိသည်။

ထို့ပြင် ယခုနှစ်နှောင်းပိုင်းတွင် စတင်နိုင်ခြေရှိသည့် အယ်လ်နီညိုဟု ခေါ်ဆိုသော သဘာဝအပူပေးဖြစ်စဉ်ကြောင့် မကြာမီကာလအတွင်း စံချိန်တင်အပူချိန်များ ထပ်မံဖြစ်ပေါ်လာနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ သိပ္ပံပညာရှင်များက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**Mon**

## လူမပါသော ရုရှားကုန်တင်အာကာသယာဉ် အင်တင်နာချို့ယွင်း၊ အာကာသစခန်းရောက်လျှင် ကိုယ်တိုင်ထိန်းချုပ် ချိတ်ဆက်ရမည်



**မော်စကို မတ် ၂၃**

ရုရှားနိုင်ငံပိုင် ရော့စကိုစမော့စ် အာကာသကော်ပိုရေးရှင်း၏ ထုတ်ပြန်ချက်အရ လူမပါသော ရုရှား ကုန်တင်အာကာသယာဉ် တစ်စင်းတွင် အင်တင်နာချို့ယွင်းချက် တစ်ခုဖြစ်ပွားခဲ့သဖြင့် နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိသည့်အခါ ကိုယ်တိုင်ထိန်းချုပ်စနစ်ဖြင့် ချိတ်ဆက်ရမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကာဇက်စတန်နိုင်ငံ၊ ဘိုင်ကိုနူးလ် အာကာသစခန်းမှ ယမန်နေ့က ဆိုယုဇ်-၂.၁ အေ ဒုံးပျံဖြင့် ပရိုဂရက်စ်ကုန်တင်အာကာသယာဉ်ကို လွှတ်တင်ခဲ့သော်လည်း အလိုအလျောက်ချိတ်ဆက်မှုစနစ်သုံး အင်တင်နာတစ်ခုတွင် ပြဿနာရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့သည်ဟု ရော့စကိုစမော့စ်က ဆိုသည်။

လက်ရှိ နိုင်ငံတကာအာကာသစခန်း၏ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ရုရှားအာကာသယာဉ်မှူး ဆာဂေးကွတ်စဗော့ခ်ကော့ဗ်သည် အဆိုပါကုန်တင်ယာဉ်ကို ကိုယ်တိုင်ထိန်းချုပ်စနစ်ဖြင့် ချိတ်ဆက်သွားမည်ဟု ဆိုသည်။

အာကာသယာဉ်များအား နိုင်ငံတကာ အာကာသစခန်းသို့ ကိုယ်တိုင်ထိန်းချုပ်၍ ချဉ်းကပ်ချိတ်ဆက်ခြင်းကို အာကာသယာဉ်မှူးများ လေ့ကျင့်ရေးကာလတွင် ပုံမှန်လေ့ကျင့်ထားလေ့ရှိကြောင်း ရုရှားအာကာသယာဉ်မှူး လေ့ကျင့်ရေးစင်တာ အကြီးအကဲ အိုလက်ဂ်ကိုနိုနန်ကိုက ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ပေကျင်းမြို့တော် တစ်ဝက်မာရသွန်ပြိုင်ပွဲတွင် လူတို့နှင့်အတူ စက်ရုပ်များ ပါဝင်ယှဉ်ပြိုင်မည်

**ပေကျင်း မတ် ၂၃**

လာမည့်လ၌ တရုတ်နိုင်ငံ ပေကျင်းမြို့တော်က လက်ခံကျင်းပမည့် တစ်ဝက်မာရသွန်ပြိုင်ပွဲတွင် လူသားအပြေးသမားများနှင့်အတူ လူပုံစံတူစက်ရုပ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယင်းမှာ စက်ရုပ်နည်းပညာနှင့် အားကစားလောကအတွက် မှတ်တိုင်တစ်ခုဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၆ ခုနှစ် ပေကျင်းအီး-တောင်း တစ်ဝက်မာရသွန်နှင့် လူပုံစံတူစက်ရုပ် တစ်ဝက်မာရသွန်ပြိုင်ပွဲကို ဧပြီလ ၁၉ ရက်နေ့တွင် စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်အဆင့်ဒေသ ၁၃ ခုရှိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဖွဲ့အစည်းပေါင်း ၇၆ ခု ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားကြောင်း ပေကျင်းစီးပွားရေးနှင့် သတင်းအချက်အလက်နည်းပညာဗျူရို၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ပြောရေးဆိုခွင့်ရှိသူ လျူဝေလျန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



ယင်းပြိုင်ပွဲတွင် ကော်ပိုရိတ်အဖွဲ့ ၈၀ ကျော်အပြင် တက္ကသိုလ်များနှင့် လေ့ကျင့်ရေးစခန်းများမှ အဖွဲ့ပေါင်း ၂၀ ကျော် ပါဝင်မည်ဖြစ်ပြီး ရိုဘော့အမှတ်တံဆိပ် ၂၆ မျိုးမှ လူပုံစံတူစက်ရုပ် ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ဘီအမ်ဒဗလျူက အိုင်သရီးမော်ဒယ်သစ် မိတ်ဆက် ၂၀၂၆ ဆောင်းဦးရာသီတွင် စတင်ရောင်းချရန် စီစဉ်

**ဘာလင် မတ် ၂၃**

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် လျှပ်စစ်ကားသုံးစွဲမှု ခေတ်သစ်ကို တိတ်ဆိတ်စွာ စတင်လိုက်ပြီဖြစ်သော်လည်း ယင်းမှာ နိုင်မာသော ရည်မှန်းချက်များ ပါရှိနေကြောင်း သိရသည်။

ဘီအမ်ဒဗလျူ ကုမ္ပဏီသည် ယခုသီတင်းပတ်အတွင်း ထိုအိုင်သရီး မော်ဒယ်သစ်ကို မိတ်ဆက်ခဲ့ပြီး အဆိုပါကားသည် အမှတ်တံဆိပ်၏ လျှပ်စစ်ကား အမျိုးအစားသစ်ကို တိုးချဲ့ရုံသာမက နျူအီးကလပ်စ်စီမံကိန်းမှ ဒုတိယမြောက် ထုတ်လုပ်သည့် မော်ဒယ်လည်းဖြစ်သည်။

ယင်းမော်ဒယ်ကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် မြူးနစ်မြို့၌ စတင်ထုတ်လုပ်မည်ဖြစ်ပြီး ပထမဆုံးအသုတ်ကို ၂၀၂၆ ခုနှစ် ဆောင်းဦးရာသီတွင် စတင်ဖြန့်ဖြူးရောင်းချရန် စီစဉ်ထားသည်။

ဘီအမ်ဒဗလျူကားသစ်မှာမူ စက်သုံးဆီသုံးကားပုံစံမှ ပြုပြင်မွမ်းမံထားခြင်းမျိုး မဟုတ်ဘဲ အစောပိုင်း ဒီဇိုင်းအဆင့်ကတည်းက လျှပ်စစ်ကားသီးသန့်အဖြစ် ဖန်တီးဆန်းသစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## လေယာဉ်နှစ်စင်း မတော်တဆဝင်တိုက်မှုဖြစ်ပွားပြီးနောက် နယူးယောက်မြို့ရှိ လာဂွါဒီယာလေဆိပ်ကို ပိတ်ထား

**ဝါရှင်တန် မတ် ၂၃**

အဲကနေဒါအိတ်စ်ပရက်စ် လေကြောင်းလိုင်းပိုင် လေယာဉ်တစ်စင်းနှင့် ကွင်းပြင်ဆင်းယာဉ်တစ်စီးတို့ ယမန်နေ့က မတော်တဆဝင်တိုက်မှု ဖြစ်ပွားပြီးနောက် နယူးယောက်မြို့ရှိ လာဂွါဒီယာလေဆိပ်ကို နောက်ထပ်အကြောင်းကြားစာ မထုတ်ပြန်မီအထိ ပိတ်ထားကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ပြည်ထောင်စုလေကြောင်းစီမံခန့်ခွဲရေးဌာနက ယမန်နေ့ညနှောင်းပိုင်းတွင် အဆိုပါလေဆိပ်အတွက် လေယာဉ်ဆင်းသက်မှု ရပ်နားရန် အမိန့်ထုတ်ပြန်ခဲ့ပြီး ထိုအမိန့်ကို ထပ်မံသက်တမ်းတိုးရန် အလားအလာမြင့်မားနေကြောင်း အတည်ပြုခဲ့သည်။

ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့မှ ပျံသန်းလာသော အဆိုပါလေယာဉ်သည် လေဆိပ်သို့ ဆင်းသက်ပြီးနောက် တစ်နာရီလျှင် ၂၄ မိုင် နှုန်းခန့်ဖြင့် အရှိန်လျှော့နေစဉ် လေဆိပ်ကို စီမံခန့်ခွဲနေသည့် နယူးယောက်နှင့် နယူးဂျာစီဆိပ်ကမ်း အာဏာပိုင်အဖွဲ့ပိုင် ယာဉ်တစ်စီးနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်အတွင်း လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **Mon**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် မတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "အရိုးလေး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥဿာမြို့သစ် (၈)ရပ်ကွက်နေ စည်သူဟိန်း(ခ)မေ့ကြီးအား ညနေ ၅ နာရီခွဲတွင် ပဲခူးမြို့ အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**မြို့သစ် မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဈေးများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်၊ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့သစ်မြို့နယ် ဦးစီးမှူးရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးလုံခြုံရေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့သစ်မြို့နယ် ဦးစီးမှူးရုံးရှိ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဟောပြောပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်းအား သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

*-*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် မတ် ၂၃**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်း ၁၄ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့သည်။ **(အောက်ယာပုံ)**

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၉ နာရီ မိနစ် ၂၀ မှ မွန်းလွဲ ၃ နာရီခွဲအထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းငါးဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီခွဲမှ ၁၁ နာရီ ၁၀ မိနစ်အထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ လဲ့လောင်းကြီးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း သုံးဧကခန့်အားလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၂၀ မိနစ်အထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ လိုက်ကတူးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းခြောက်ဧကခန့်အားလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး၊ အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**တောင်ကြီး မတ် ၂၃**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်းရှိ 'ရတနာပုံ'မုန့်ကုမ္ပဏီရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၈)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းကြီးစုရပ်ကွက်နေ ဒေါ်မြင့်သာ(၃၄)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဦးဇာနည်အောင်(၃၄)နှစ်ဆိုသူ လိုက်ပါလာသည့် Wave 100 ဆိုင်ကယ်သည် အနောက်မြို့ပတ်လမ်းအတိုင်း စဝ်စံထွန်းရပ်ကွက်မှ ကျောင်းကြီးစုရပ်ကွက်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လမ်းဘေးတွင် ရပ်တန့်ထားသည့် MINI TRUCK ခြောက်ဘီးယာဉ်၏ နောက်ပိုင်းကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်မြင့်သာ ဆိုသူတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးဇာနည်အောင် ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဒေါ်မြင့်သာ ဆိုသူအား တောင်ကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*-*-*

## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**ဆီဆိုင် မတ် ၂၃**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် ညနေ ၆ နာရီတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ စီတာပူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက မြို့သစ်ကြီးရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကြီးအောင်ရပ်ကွက်နေ ကိုဝေယံလှိုင်စိုး(ခ)ဖေယျ ၂၈ နှစ်ဆိုသူအား PRADO မော်တော်ယာဉ်နှင့်အတူ တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဝေယံလှိုင်စိုး(ခ)ဖေယျဆိုသူအား မြစ်ကြီးနား နယ်မြေရဲစခန်းမှ ပို့ကုန်၊သွင်းကုန် ဥပဒေဖြင့်လည်းကောင်း။


အလားတူ မတ် ၁၉ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ စမ်းမြို့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်၌ ကလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သဇင်ရပ်ကွက်နေ ဦးသျှမ်းခင်းခိုင်(၃၆)နှစ် ဆိုသူ မောင်းနှင်လာသည့် KIAASE-LTOS မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သျှမ်းခင်းခိုင်ဆိုသူအား ကလေးမြို့မရဲစခန်းမှ ပို့ကုန်၊သွင်းကုန်ဥပဒေဖြင့်လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မိုင်းယောင်း-မိုင်းယုကားလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မိုင်းယုမြို့မှ မိုင်းယောင်းမြို့ဘက်သို့ ဝမ်ဟွန်းကျေးရွာနေ အိုက်ခမ်းကောင်(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အိုက်ခမ်းကောင် ဆိုသူအား မိုင်းယောင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ပြင်ဦးလွင်မြို့နယ်၊ရပ်ကွက်ကြီး(၅)အရောက်၌ အဆိုပါရပ်ကွက်နေ ကိုစည်သူကျော်(၂၈)နှစ် ဆိုသူ မောင်းနှင်လာသည့် TOYOTA CROWN မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စည်သူကျော်ဆိုသူအား ပြင်ဦးလွင်မြို့မရဲစခန်းမှ ပို့ကုန်၊သွင်းကုန် ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**







ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် မတ် ၂၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။




လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)သင်တန်း ဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် သင်တန်းသားများအား အားပေးစကားပြောကြားစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရသည်-

၁။ ကျွန်တော်လည်း နိုင်ငံသားတစ်ယောက်တာဝန်ကျေဖို့အတွက် စစ်မှုထမ်းကို လာရောက်တာဝန်ထမ်းဆောင်တာဖြစ်ပါတယ်။ ကျွန်တော်လည်း စစ်မှုထမ်းချင်တာလည်း ပါပါတယ်။ ဘယ်လိုခံယူထားလဲ ဆိုရင် တပ်မတော်သားတစ်ယောက်ဖြစ်သွားရင်တော့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။ ဆရာတွေ၊ နည်းပြတွေ သင်ကြားပြသပေးတဲ့အတိုင်း ကောင်းကောင်းမွန်မွန် လေ့လာသင်ယူသွားမယ်လို့ ခံယူထားပါတယ်။ ကိုယ့်နိုင်ငံမှာ အခုလိုတာဝန်ထမ်းဆောင်တာတော့ ကိုယ်ကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်နေပါတယ်။ အများပြည်သူလည်း ထမ်းဆောင်သင့်ပါတယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ ပြောရရင် နှစ်နှစ်ပေါ့၊ နှစ်နှစ်ထက် ကျော်ရင်လည်း ကျော်သွားမှာပေါ့။ ကျွန်တော်ထပ်ပြီး တာဝန်ထမ်းဆောင်ဖို့လည်း ရှိပါတယ်။ မိသားစုဆွေမျိုးတွေကတော့ ကျွန်တော်စစ်သားဖြစ်သွားလို့ ဂုဏ်ယူဖို့ပေါ့ ဒါပဲပြောချင်ပါတယ်။ တပ်မတော်သားတစ်ယောက်ဖြစ်သွားတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူပါတယ်။ ဒီလို ပြည်သူ့စစ်တာဝန် ထမ်းဆောင်ဖို့ အတွက် ကျွန်တော်ကိုယ်တိုင်လည်း တာဝန်ထမ်းဆောင်နေပါတယ်။ ကျန်တဲ့နိုင်ငံသားတိုင်း၊ အကုန်လုံး တာဝန်ထမ်းဆောင်ဖို့အတွက် အကြံပြုချင်ပါတယ်။







၂။ ဝင်ချင်တဲ့ စိတ်ဆန္ဒတစ်ခုတည်းနဲ့ လာခဲ့တာ။ ကိုယ့်အိမ်ကလည်း သဘောတူတာပေါ့။ နောက်က မိသားစုကလည်း ကိုယ်ဒီထဲကို ဝင်လာတဲ့အတွက် ကိုယ့်ကိုဂုဏ်ယူပေးတယ်။ ကိုယ်ကလည်း ဒီထဲ ရောက်လာတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပီတိဖြစ်မိတယ်။ ကိုယ့်ဝါသနာနဲ့ ကိုယ်လာတာဆိုတော့ ပိုပြီးတော့လည်း ပျော်မိတယ်။ ကိုယ်ကလည်း အလွန်ဝါသနာပါတာဆိုတော့ မိဘတွေလည်း ဂုဏ်ယူပါတယ်။ သင်ကြားပေးတဲ့ ဆရာသမားတွေရဲ့ သင်တန်းသားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ။ စစ်မှုထမ်းရမယ့် လူငယ်တိုင်းကိုလည်း ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲတွင် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်း သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။




## ရီးရဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် မတ် ၂၃**

စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားကြရာ ရီးရဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၅၂မိနစ်နှင့် ၇၂မိနစ်တွင် ဗင်နီစီယပ်စ်၊ ပွဲချိန် ၅၅မိနစ်တွင် ဗယ်ဗာဒီတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။ (ဝဲပုံ)

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ် (၂၉)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၉မှတ်ဖြင့် အဆင့် (၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် ဧပြီ ၄ရက်တွင် မာယော့ကာအသင်းနှင့်ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## အမ်မရီကန် ဒေါ့မွန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် မတ် ၂၃**

ဒေါ့မွန်အသင်းသည် အသင်းနောက်ခံကစားသမား အမ်မရီကန်အား ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၂၀ကစားပြီး ၂၃ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ အမ်မရီကန်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ်



ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာကိုလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## နည်းပြ ရိုဆီနီယာ ချဲလ်ဆီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် မတ် ၂၃**

ချဲလ်ဆီးအသင်းသည် အသင်းနည်းပြ ရိုဆီနီယာအား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ လေးပွဲအထိ ရှုံးနိမ့်ခဲ့မှုကြောင့် နည်းပြရိုဆီနီယာအား ရာထူးမှ ထုတ်ပယ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ ရိုဆီနီယာသည် ချဲလ်ဆီးအသင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၉ပွဲတွင် ၁၀ပွဲနိုင်၊ နှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြ ရိုဆီနီယာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ချဲလ်ဆီးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။(အောက်ပုံ) (NGB)



## ကူဘာဆီအား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်


**မြူးနစ် မတ် ၂၃**

ဘိုင်ယန်မြူးနစ်အသင်းသည် ဘာစီလိုနာအသင်းနောက်ခံကစားသမား ကူဘာဆီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ပွဲကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း ကူဘာဆီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လာမည့်နွေရာသီ စျေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ ကူဘာဆီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## ကာဗာရက်စ်ခီလီယာ ပီအက်စ်ဂျီအသင်းတွင် ဆက်ရှိသွားမည်

**ပါရီ မတ် ၂၃**

တောင်ပံကစားသမား ကာဗာရက်စ်ခီလီယာအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ပီအက်စ်ဂျီအသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ပီအက်စ်ဂျီအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ကာဗာရက်စ် ခီလီယာသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆



ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၉ပွဲကစားပြီး ဂိုး ၂၀ထိ သွင်းယူထားသည်။

ပီအက်စ်ဂျီအသင်းထုတ်ပြန်ချက်တွင် "ကာဗာရက်စ်ခီလီယာ အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## 2026 Miami Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Coco Gauff တက်ရောက်

**မိုင်ယာမီ မတ် ၂၃**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အိမ်ရှင် အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။ (အောက်ပုံ)

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Alycia



Parks အား ၃-၆၊ ၆-၀၊ ၆-၁ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Miami Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ရိုမေးနီးယားတင်းနစ်မယ် Sorana Cirstea တို့ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(NGB)

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုကို ဆွတ်ခူးရန် ကိုဗင်ထရီအသင်း ရေပန်းစား

**လန်ဒန် မတ် ၂၃**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ် ချန်ပီယံဆုကို ဆွတ်ခူးရန် ကိုဗင်ထရီအသင်းက ရေပန်းစားလျက်ရှိသည်။

ကိုဗင်ထရီအသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၃၉ပွဲကစားအပြီးတွင် ရမှတ် ၈၀ဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်ပြီး အဆင့် (၂)နေရာမှ မစ်ဒယ်ဘရော့အသင်းကို ကိုးမှတ်ထိ ဖြတ်ထားနိုင်ခဲ့သည်။

ကိုဗင်ထရီအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ပြီးဆုံးရန် ခုနစ်ပွဲသာ ကျန်ရှိနေချိန်တွင် ယခုလို ရေပန်းစားလာခြင်းဖြစ်သည်။ (ယာပုံ)

ထို့ကြောင့် ကိုဗင်ထရီအသင်းအနေဖြင့် လက်ရှိရေပန်းစားနေသည့်အတိုင်း အင်္ဂလိပ်ချန်



ပီယံရှစ် ချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## ကူအာဒီယိုကွန် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**တူရင် မတ် ၂၃**

ရိုးမားအသင်းကွင်းလယ်ကစားသမား ကူအာဒီယိုကွန်သည် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်ခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ရိုးမားအသင်းက ဘိုလော့ဂ်နာအသင်းကို လေးဂိုး၊ သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကူအာဒီယိုကွန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရိုးမားအသင်းအတွက် ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကူအာဒီယိုကွန်သည် ရိုးမားအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ပွဲကစားပြီး နှစ်ဂိုး သွင်းယူထားသည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* တိုက်စစ်မှူး ဂျူလီယန်အယ်လ်ဗာရက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အက်သလက်တီကို မက်ဒရစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

* တောင်ပံကစားသမားသည် ဂက်ပို ယခုနှစ်ဘောလုံးရာသီ အကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက စထရာဘော့စ်အသင်းနှင့် နန့်တက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စထရာဘော့စ်အသင်းက နန့်တက်စ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (NGB)

# စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MRYEA) ၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၂၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ IBIS Hotel ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးကို အသင်း၏ တစ်နှစ်တာအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား ပြန်လည်မျှဝေရန်၊ အသင်းဝင်လုပ်ငန်းရှင်များအကြား ပိုမိုခိုင်မာသော ကွန်ရက်ချိတ်ဆက်မှုများ တည်ဆောက်ရန်နှင့် မန္တလေးဒေသ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

"ကျွန်တော်တို့ အသင်းကတော့ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းပဲ ဖြစ်ပါတယ်။ အသက် ၁၈ နှစ်ကနေ ၄၅ နှစ်အောက် လုပ်ငန်းရှင်တွေ စုစည်းပြီးတော့ Networking တွေ လုပ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် အကြံဉာဏ်တွေ ဖလှယ်ကြတယ်။ အချင်းချင်းမျှဝေပြီးတော့ အကျိုးတူ ပူးပေါင်းဆောင်ရွက်တဲ့ အသင်းလေးဖြစ်ပါတယ်။ Network ကို အဓိကထားလုပ်ဆောင်တဲ့ အသင်းဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ပွဲကတော့ အသင်းသားတွေအားလုံး စုံညီတွေ့ဆုံတဲ့ ပွဲလေးဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ကိုအေးချမ်းမြတ်သူက ပြောသည်။



အစည်းအဝေးတွင် အသင်း၏ အောင်မြင်မှုများနှင့် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ခဲ့ကြပြီး ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတွင် အသင်းသားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။

"အစကတော့ လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ မိဘတွေက တိုက်တွန်းလို့ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ အသင်းကို ဝင်ရောက်ပြီးနောက်ပိုင်းမှာ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ ချိတ်ဆက်မှုတွေလည်း ရရှိခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေကို ပြည်တွင်းတွင်သာမကဘဲ ပြည်ပလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်လုပ်ဆောင်နိုင်ဖို့ အခွင့်အလမ်းတွေရရှိခဲ့တဲ့အတွက် အကျိုးကျေးဇူးတွေ အများကြီး ရရှိခဲ့ပါတယ်"ဟု (MRYEA) အသင်းဝင် မပန်းအိမ်နွေထက်က ပြောသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတင်လတ်၊ အသင်းအမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများ အားလုံးသည် သတ်မှတ်ထားသည့် Dress Code အတိုင်း မြန်မာ့ရိုးရာဝတ်စုံ(Myanmar Traditional Attire) များဖြင့် အစဉ်အလာမပျက် စုစည်းတက်ရောက်ခဲ့ကြကြောင်းသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**



# သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**မြစ်သား မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံ စိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေသြဇာစုပေါင်းရောင်းချခြင်းနှင့် ရွက်ဖျန်းအားဆေး၊ မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးခြင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန်ရည်ရွယ်၍ ပညာပေး ဆွေးနွေးပွဲကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးစိုးမင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီဌေးက နွေသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်းက တောင်သူများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လေ့လာကျင့်သုံး စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် စိုက်ပျိုးမြေများကို ပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးရန်လိုအပ်ကြောင်း၊ရေရရှိရေးနှင့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းလွင်ဦးက ရေအသုံးချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြေ၊မျိုး၊ပိုးတာဝန်ခံများကလည်း လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများကို နေကြာမျိုးစေ့၊ ဝါမျိုးစေ့များနှင့် ရွက်ဖျန်းအားဆေးများကို အခမဲ့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းမင်းထွန်း(မြစ်သား)**

# နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းများ စတင်စိုက်ပျိုး

**ကျောက်ဆည် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ နွေသီးနှံမျိုးစုံ စိုက်ပျိုးရာတွင် ဒေသန္တရ လျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်းနှင့် နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းများကို စတင်စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေနှမ်း ၄၄၂၀၆ ဧကနှင့် မိုးကြိုပဲတီစိမ်း ၃၂၉၆ ဧက စိုက်ပျိုးရန် လျာထားကြောင်းနှင့် စမာစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများဖြစ်သော ဒါန်းတိုင်ကျေးရွာအုပ်စု၌ နွေနှမ်း ဧက ၅၁၀၊ မိုးကြိုပဲတီစိမ်း ဧက ၅၀၊ ရန်ဘက်လိုကျေးရွာအုပ်စု၌ နွေနှမ်း ဧက ၉၈၀ ၊ မိုးကြိုပဲတီစိမ်း ဧက ၁၅၀၊ ပေတောကြီးကျေးရွာအုပ်စု၌ နွေနှမ်း ၉၄၂ ဧက၊ မိုးကြိုပဲတီစိမ်း ၁၇၅ ဧက၊ ဘုံကွင်းကျေးရွာအုပ်စု၌ နွေနှမ်း ၆၂၂ ဧက၊ မိုးကြိုပဲတီစိမ်း ဧက ၄၀၊ စင်းကွန်းကျေးရွာအုပ်စု၌ နွေနှမ်း ၉၂၅ ဧက၊ မိုးကြိုပဲတီစိမ်း ၇၅ ဧက၊ ပန်းခွာကျေးရွာအုပ်စု၌ နွေနှမ်း ၆၀၄ ဧက၊ မိုးကြို ပဲတီစိမ်း ၂၀၇ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိပြီး နွေနှမ်းနှင့် မိုးကြိုပဲတီစိမ်းများ စတင်စိုက်ပျိုးလျက်ရှိသည်။

နွေနှမ်းစိုက်ပျိုးခြင်းများနှင့် ပတ်သက်၍ ယခင်နှစ်များက ထယ်ရေးပြင်ကာ မိရိုးဖလာမြေပြင်ပေါ်တွင် စိုက်ပျိုးရာ နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းသော်လည်း ရာသီဥတုအပြောင်းအလဲကြောင့် မိုးရွာသွန်းမှုများတဲ့အခါ မိုးရေဝပ်ပြီး နှမ်းပင်များ သေဆုံးသည့်အတွက် နှမ်းစိုက်တောင်သူများအနေဖြင့် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရကြောင်း၊ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီ ရယူပြီး ပေါင်ကြီးတင်စနစ်ဖြင့် ပြောင်းလဲစိုက်ပျိုးကြောင်း၊ ပေါင်ကြီးတင်စနစ်ဆိုသည်မှာ အကျယ် ၄ ပေ × အရှည် ပေ ၂၀ မြေပေါင်များ ပြုလုပ်၍ စိုက်ပျိုးကြောင်း၊ မြေပေါင်နှင့် ပြောင်းလဲစိုက်ပျိုးသည့်အတွက် နှမ်းပင်များ ရေလိုအပ်ချိန်တွင် ရေသွင်းနိုင်ပြီး မိုးများသည့်အခါ မိုးရေများကို အလွယ်တကူ ထုတ်နိုင်သည့်အတွက် နှမ်းပင်များသေဆုံးမှု မရှိနိုင်ကြောင်း၊ စိုက်ပျိုးရာ၌ တစ်ပင်နှင့်တစ်ပင် သတ်မှတ်အကွာအဝေးအတိုင်း စိုက်ပျိုးသည့်အတွက် အထွက်နှုန်းလည်း ကောင်းမွန်ကြောင်း နွေနှမ်းစိုက်တောင်သူ ဦးဝင်းမြင့်က ပြောသည်။ **(၄၈၅)**

# ကြက်ခြေနီအသင်းခွဲ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

**ပုသိမ်ကြီး မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆန်းစစ်ဆွေးနွေးပွဲကို မတ် ၂၀ ရက် မွန်းလွဲ ၃ နာရီက ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီ အသင်းခွဲရုံးတွင် ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလင်းလင်းသက်၊ဂျာမနီနိုင်ငံကြက်ခြေနီအသင်းမှ ဒေါ်ပုန်းညက်ခိုင်၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲမှ အမှုဆောင်များ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ကြက်ခြေနီလူငယ် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် လိုအပ်သည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ) (ဝ၄၅)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက် မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်းမငယ်ကျေးရွာအုပ်စု၊ ပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းနှင့် တာဝန်ရှိသူများက ပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ပေါက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မ,တည်ရန်ပုံငွေကျပ် သန်း ၃၀ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၆ ဦးကို ငွေကျပ် ၅၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၈ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**(ဝဲပုံ) ဆက်လူ**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပျားရည်တန်ချိန် ၁၀၀၀ နီးပါး တင်ပို့နိုင်ခဲ့

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပျားရည်တင်ပို့မှု ဆက်လက်တိုးတက်နေပြီး ဧပြီလမှ ဖေဖော်ဝါရီလကုန်အထိ ၁၁ လတာ ကာလအတွင်း ပျားရည်မက်ထရစ်တန်ချိန် ၉၈၆ ဒသမ ၂၃ ကျော် တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူရေးဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။



ပြည်တွင်းတွင် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရာဘာပျားရည်နှင့် လိုက်ချီးပျားရည်၊ ပန်းပေါင်းစုံပျားရည်များကို ထုတ်လုပ်လျက်ရှိပြီး ပြည်ပသို့ အဓိကတင်ပို့နေသော ပျားရည်များမှာ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်နှင့် ရာဘာပျားရည်တို့ ဖြစ်သည်။

ထို့အပြင် ယခုဘဏ္ဍာနှစ်အတွင်း ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၉ သန်း ဝင်ငွေရရှိခဲ့ကြောင်းလည်း သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသည်။

ပျားမွေးမြူရေးလုပ်ငန်းသည် အကျိုးအမြတ်ရှိသည့် လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် လုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာဌာနနှင့် ဆက်သွယ်နိုင်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ပျားမွေးမြူရေးဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ပျားရည်ထုတ်လုပ်မှုမှာ တန်ချိန် ၇၀၀၀ ခန့်ရှိပြီး ပြည်ပသို့ တင်ပို့မှုမှာ ပျမ်းမျှအားဖြင့် တန်ချိန် ၂၆၀၀ ခန့်ရှိသည်။

လက်ရှိတွင် ပျားရည်များကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ ပုံမှန်တင်ပို့လျက်ရှိပြီး ယင်းအနက် ဂျပန်နိုင်ငံသည် အဓိကဈေးကွက်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



## မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကျောက်ဆည် မတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ ၂၀၂၆ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျောက်ဆည်ခရိုင် လမ်းဦးစီးရိပ်သာ အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ သင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ၊လုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။ ကျောက်ဆည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က ဖျော်ဖြေရေးအဖွဲ့ ခြောက်ဖွဲ့ဖြင့် ဖွင့်ပွဲနှင့် ပိတ်ပွဲများတွင် အလှည့်ကျဖျော်ဖြေမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျောက်ဆည်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌများက ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ ဆောက်လုပ်ရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုရေး၊ ဧည့်ခံကျွေးမွေးရေး၊ သတင်းထုတ်ပြန်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စတုဒိသာကျွေးမွေးရေးနှင့် သင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး**

## အကြိုအခြေခံမီးသတ်သင်တန်း (၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

**အောင်လံ မတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြလို့မြို့တွင် အကြို အခြေခံမီးသတ်ပညာ သင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (ပြလို့)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားကာ ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးက အရန်မီးသတ် တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးကျော်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းလှိုင်နှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



အဆိုပါ သင်တန်းကို သင်တန်းသား ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တပတ် နှစ်ပတ်ကြာ သင်ကြားပေးပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား စွမ်းရည်(၄)ရပ် ထက်မြက်စေရန်နှင့် ရည်မှန်းချက်တာဝန်(၄)ရပ်၊ မီးသတ်လုပ်ငန်းစဉ်ကြီး (၇)ရပ်အား အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

*-*-*-*-*

## စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**၂၀၂၆ ခုနှစ် မတ် ၂၃ ရက်မှ ၂၉ ရက်အထိ**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ယခုတစ်ပတ်အတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

မိုးရွာသွန်းနိုင်သည့်အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

အမြင့်ဆုံးအပူချိန်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၆ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီး ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

အနိမ့်ဆုံးအပူချိန်မှာ ချင်းပြည်နယ်တွင် ၄၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက် အတွင်း အသီးသီး ရှိနိုင်ပါသည်။



**လေထုစိုထိုင်းဆ အခြေအနေ**

လေထုစိုထိုင်းဆမှာ မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၄ ရာခိုင်နှုန်းမှ ၅၃ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၅၄ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၆၄ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ**

ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၅ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၄ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၅ မီလီမီတာမှ ၅၄ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**ရွှေမန်း**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ကုက္ကို

**၁။ ဆီးချိုကို ထိန်းညှိပေးတယ်။**

ကုက္ကိုဟာ သွေးတွင်းသကြားဓာတ်ကို လျှော့ကျစေခြင်းဖြင့် ဆီးချိုရောဂါရှိသူများအတွက် အထူးအကျိုးရှိပါတယ်။ အရွက်နဲ့အသီးနှစ်မျိုးလုံးဟာ အင်ဆူလင်အာရုံခံနိုင်စွမ်းကို ကောင်းမွန်စေပြီး သွေးတွင်းသကြားဓာတ်စုပ်ယူမှုကို အားပေးတဲ့ ဒြပ်ပေါင်းများ ပါဝင်ပါတယ်။ အမျှင်ဓာတ်များခြင်းကြောင့် သကြားဓာတ်စုပ်ယူမှုကို နှေးကွေးစေပြီး သွေးတွင်း ဂလူးကို့စ်ပမာဏ အတက်၊ အကျကို ထိန်းညှိပေးနိုင်ပါတယ်။

**၂။ နှလုံးကို ကာကွယ်ပေးတယ်။**

ကုက္ကိုမှာ ပါဝင်သော ပိုတက်စီယမ်ဓာတ်ဟာ သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး အမျှင်ဓာတ်က မကောင်းတဲ့ ကိုလက်စထရောကို လျှော့ချပေးပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက နှလုံးသွေးကြောများကို ပျက်စီးစေနိုင်တဲ့ ဓာတ်တိုးဖိစီးမှုနဲ့ ရောင်ရမ်းမှုကို လျှော့ချပေးခြင်းဖြင့် သွေးကြောကျဉ်းခြင်းနဲ့ သွေးတိုးရောဂါဖြစ်နိုင်ခြေကို လျှော့ကျစေပါတယ်။

**၃။ အစာခြေစနစ်ကို ကောင်းမွန်စေတယ်။**

အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် အူလှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ အစာခြေလမ်းကြောင်းအတွင်း အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ပြီး အကျိုးပြုဘက်တီးရီးယားတွေ ပွားများဖို့ အထောက်အကူပြုပြီး အစာကြေလွယ်စေပါတယ်။

**၄။ ရောင်ရမ်းမှုကို ဆန့်ကျင်ခြင်းနဲ့ အဆစ်အမြစ်နာကျင်မှုကို သက်သာစေတယ်။**

ကုက္ကိုပင်မှာ ပါဝင်သော ဇီဝကမ္မဖြစ်စဉ် ဒြပ်ပေါင်းများ (Flavonoids, Terpenoids)ဟာ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကို လျှော့ကျစေပါတယ်။ အဆစ်အမြစ်ရောင်ရမ်းခြင်း (Arthritis) ဝေဒနာရှင်များအတွက် သက်သာစေနိုင်ပါတယ်။

**၅။ ကိုယ်ခံအားစနစ်ကို ကောင်းစေတယ်။**

ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာ ပါဝင်သောကြောင့် သွေးဖြူဥဆဲလ်တွေ ထုတ်လုပ်မှုကို လှုံ့ဆော်ပေးပြီး ရောဂါပိုးမွှားတွေကို တိုက်ထုတ်နိုင်စွမ်း အားကောင်းစေပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ဆဲလ်တွေကို ပျက်စီးစေသော ဖရီးရက်ဒီကယ်များကို ချေဖျက်ပေးပါတယ်။

**၆။ အသည်းကျန်းမာရေးကို အထောက်အကူပြုတယ်။**

တိုင်းရင်းဆေးပညာအရ အသည်းလုပ်ငန်းဆောင်တာကို အားပေးပြီး အသည်းဆဲလ်တွေ ပျက်စီးခြင်းမှ ကာကွယ်ပေးသည်ဟု ယူဆကြပါတယ်။ ခေတ်မီသုတေသနပြုချက်များအရ ကုက္ကိုပင်မှထုတ်ယူထားသော ဒြပ်ပေါင်းများသည် အသည်းကို အကာအကွယ်ပေးနိုင်စွမ်း (Hepato-protective) ရှိပါတယ်။

**၇။ ကင်ဆာကို ဆန့်ကျင်ပေးတယ်။**

ကုက္ကိုပင်မှာ ပါဝင်တဲ့ အယ်လ်ကာလွိုက်နဲ့ ဖလေဗွန်နွိုက်ကဲ့သို့သော ဓာတ်ပစ္စည်းများဟာ ဓာတ်ခွဲခန်းအတွင်း ကင်ဆာဆဲလ်များ ကြီးထွားမှုကို ဟန့်တားနိုင်စွမ်းရှိကြောင်း တွေ့ရပါတယ်။ သို့သော် လူသားများတွင် ကင်ဆာရောဂါကို ကုသနိုင်ရန် နောက်ထပ်သုတေသနများ လိုအပ်နေပါသေးတယ်။

**၈။ အာဟာရဓာတ်ကြွယ်ဝတယ်။**

ကုက္ကိုသီးနဲ့ အရွက်များမှာ ဗီတာမင်အေ၊ စီ၊ ဘီအုပ်စုများ၊ သံဓာတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖောရပ်စ်နဲ့ ပိုတက်စီယမ်တို့ ပါဝင်ပါတယ်။ အမျှင်ဓာတ်လည်း မြင့်မားစွာ ပါဝင်သောကြောင့် အာဟာရဖြစ်စေရုံသာမက အစာခြေစနစ်ကိုလည်း ကောင်းမွန်စေပါတယ်။

**၉။ ကိုယ်အလေးချိန်ကို ထိန်းညှိပေးတယ်။**

ကယ်လိုရီ ပါဝင်မှုနည်းပြီး အမျှင်ဓာတ်များသောကြောင့် စားသုံးမိပါက ဗိုက်ပြည့်ဝမှုကို ကြာရှည်စေပါတယ်။ ယင်းက အလွန်အကျွံစားသုံးခြင်းကို ဟန့်တားပေးနိုင်ပြီး ကိုယ်အလေးချိန်ထိန်းသိမ်းရန် ကူညီပေးပါတယ်။

**၁၀။ အရေပြားနဲ့ မျက်စိကို အထောက်အကူပြုတယ်။**

ဗီတာမင်အေနဲ့ အင်န်တီအောက်ဆီးဒင့်များက မျက်စိအာရုံကြောကို ကာကွယ်ပေးပြီး ဗီတာမင်စီက ကော်လာဂျင်ထုတ်လုပ်မှုကို အားပေးကာ အရေပြားတင်းရင်းမှုနဲ့ နုပျိုမှုကို ဖြစ်စေပါတယ်။



## ပျားရည်+သံပရာ

ပျားရည်နဲ့ သံပရာသီးကို ရေခပ်နွေးနွေးလေးနဲ့ (သို့မဟုတ်) ရေခပ်အေးအေးနဲ့ မနက်ခင်းမှာ တစ်ခွက်လောက်သောက်မယ်ဆိုရင် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်ပါတယ်။

**၁။ အစာကြေလွယ်တယ်။**

နေ့စဉ် ပျားသံပရာရည်ကို သောက်သုံးခြင်းဖြင့် အစာခြေဖျက်မှုလမ်းကြောင်းကို ကောင်းမွန်စေပါတယ်။ ပျားသံပရာရည်က အစာအိမ်မှ အက်စစ်ရည်နဲ့ သည်းခြေရည်တို့ကို ပိုမိုထုတ်လုပ်ပေးတဲ့အတွက် အစာခြေဖျက်ခြင်းကို လွယ်ကူစေပြီး ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ အာဟာရများကို လျင်မြန်စွာ ရရှိစေပါတယ်။ ပျားသံပရာရည်က ဝမ်းမှန်စေပြီး ဝမ်းချုပ်ခြင်းကိုလည်း ကာကွယ်ပေးပါတယ်။

**၂။ ခန္ဓာကိုယ်မှ အဆိပ်အတောက်များကို ဖယ်ရှားပေးတယ်။**

လေထုထဲရှိ အညစ်အကြေးများ၊ ကျန်းမာရေးနဲ့မညီညွတ်သော အစားအသောက်များ၊ စားသောက်နေထိုင်ပုံစနစ်များကြောင့် လူ့ခန္ဓာမှာ မမြင်နိုင်တဲ့ အဆိပ်အတောက်များ ရှိနေပါတယ်။ ပျားရည်နဲ့ သံပရာရည်ကို ရေနွေးနွေးလေးနဲ့ သောက်သုံးခြင်းက ခန္ဓာကိုယ်တွင်းမှ အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်တဲ့ အစွမ်းသတ္တိရှိတဲ့အတွက် အသည်းမှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း၊ အရေပြားတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်းမှ အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်ပါတယ်။

**၃။ အသားအရေကို ကြည်လင်တောက်ပစေတယ်။**

ပျားသံပရာရည် နွေးနွေးလေးကို သောက်သုံးခြင်းက အသားအရေကို ကြည်လင်ဝင်းပစေရုံသာမက ဝက်ခြံနဲ့ အဖုအပိန့်ထွက်ခြင်းတွေကို သက်သာစေပါတယ်။ သံပရာသီးက အသားအရေအတွင်း၊အပြင်ရှိ အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး သံပရာရည်မှ ရရှိနိုင်တဲ့ စစ်ထရစ်အက်စစ်က အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် တချို့က သံပရာသီးကို အရေပြားပေါ်မှာ တိုက်ရိုက်လိမ်းပေးကြပါတယ်။ ထိုသို့ပြုလုပ်ခြင်းက တချို့သော အသားအရေတိုင်းအတွက် အဆင်မပြေနိုင်ပေ။ သို့သော် ရေနွေးလေးနဲ့ ပျားသံပရာရည်ကို သောက်ပေးခြင်းကတော့ အန္တရာယ်မရှိဘဲ အသားအရေအတွက် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါတယ်။

**၄။ ကိုယ်ခံအားကို ကောင်းမွန်စေတယ်။**

ပျားရည်က အိုမင်းရင့်ရော်မှု၊ ရောဂါပိုးမွှားတွေ၊ ဘက်တီးရီးယားတွေကို ကာကွယ်ပေးနိုင်တဲ့ အစွမ်းတွေရှိတဲ့အတွက် အဖျားနဲ့ တုပ်ကွေးတွေကို ကာကွယ်ပေးနိုင်တဲ့အပြင် Allergies ဖြစ်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ကိုယ်ခံအားကို ကောင်းမွန်စေတဲ့အတွက် ဖျားနာခြင်း၊ ရောဂါကူးစက်ခြင်းဖြစ်ပါက မြန်ဆန်စွာ ပျောက်ကင်းစေနိုင်ပါတယ်။

**၅။ အဆီတွေကို လျှော့ကျစေတယ်။**

နေ့စဉ် နံနက်တိုင်း ပျားသံပရာရည်ကို ရေနွေးပူပူလေးနဲ့ သောက်သုံးခြင်းဖြင့် ဝမ်းမှန်စေပြီး ကိုယ်ခန္ဓာမှ အဆိပ်အတောက်များကို ကင်းစင်စေရုံသာမက ခန္ဓာကိုယ်မှာ မလိုအပ်တဲ့ အဆီပိုများကိုပါ လျှော့ကျစေပါတယ်။ အဆီပိုတွေကို လောင်ကျွမ်းစေတဲ့အတွက် တစ်နေ့လုံး ပေါ့ပါးလွတ်လပ်နေပြီး ကျန်းမာစေပါတယ်။

**၆။ လည်ချောင်းနာခြင်းကို ကာကွယ်ပေးတယ်။**

သံပရာသီးက လည်ချောင်းထဲရှိ ချွဲ၊ သလိပ်တွေကို ကင်းစင်စေပြီး လည်ချောင်းအတွင်းရှိ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်တွေကို ဖယ်ရှားပေးတဲ့အတွက် လည်ချောင်းနာခြင်းနဲ့ အာသီးရောင်ခြင်းတို့ကို ကာကွယ်ကုသပေးနိုင်ပါတယ်။ ချောင်းဆိုးနေပါက ပျားသံပရာရည်နွေးနွေးလေကို ချင်း(ဂျင်း) အနည်းငယ်ထည့်ပြီး သောက်ပေးပါက သက်သာပျောက်ကင်းစေပါတယ်။

**၇။ အင်အားတိုးစေတယ်။**

ပျားရည်မှာ ဘက်တီးရီးယားတွေကို ပိုးသတ်နိုင်တဲ့ အစွမ်းရှိတဲ့အပြင် အားအင်ကိုလည်း တိုးစေတဲ့ အစွမ်းသတ္တိရှိပါတယ်။ ဒါကြောင့် ဝိတ်ချတဲ့အချိန်တွေမှာ သကြားနဲ့ သကြားအစားထိုး အချိုဓာတ်အစား ပျားရည်သောက်သုံးခြင်းက အားအင်ကို ပြည့်ဝစေပြီး အကျိုးအာနိသင်ပိုရှိစေပါတယ်။



## ရေသောက်နည်းခြင်းရဲ့ ဘေးထွက်ဆိုးကျိုးများ

ကျန်းမာရေးဆိုင်ရာ လေ့လာသုံးသပ်ချက်များအရ အမျိုးသားတစ်ဦးဟာ တစ်နေ့ကို ရေ ၃ ဒသမ ၇ လီတာခန့် သောက်ပေးဖို့လိုအပ်ပြီး အမျိုးသမီးကတော့ ၂ ဒသမ ၇ လီတာခန့် သောက်သုံးပေးဖို့ လိုအပ်ပါတယ်။ တကယ်လို့ ကုန်ခန်းသွားတဲ့ ရေဓာတ်တွေကို ပြန်လည်ဖြည့်တင်းပေးခဲ့ခြင်းမရှိဘူးဆိုရင် မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို ခံစားရနိုင်ပါတယ်။

**၁။ ကိုယ်အပူချိန်မြင့်တက်ခြင်း**

ချွေးထွက်ခြင်းဖြင့် ကျွန်ုပ်တို့ခန္ဓာကိုယ်တွင်း မြင့်တက်လာတဲ့ အပူချိန်ကို ထိန်းညှိပေးလျက်ရှိပါတယ်။ တကယ်လို့ ရေသောက်နည်းခြင်းကြောင့် ခန္ဓာကိုယ်အတွင်းမှာ ရေဓာတ်နည်းပါးသွားခဲ့မယ်ဆိုရင် ချွေးထွက်ခြင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်တော့မှာ မဟုတ်သောကြောင့် ကိုယ်အပူချိန်မြင့်တက်ခြင်းကို ခံစားရမှာ ဖြစ်ပါတယ်။

**၂။ သွေးပေါင်ကျခြင်း**

ခန္ဓာကိုယ်တွင်း ရေဓာတ်နည်းပါးသွားတဲ့အခါမျိုးတွေမှာ ပရိတ်ိန်း ပါဝင်တဲ့ သွေးရည်ကြည်ထုထည်ကျဆင်းခြင်းကို ဖြစ်ပွားစေမှာဖြစ်သောကြောင့် သွေးပေါင်ကျခြင်းကိုလည်း ခံစားရမှာ ဖြစ်ပါတယ်။

**၃။ မူးဝေခြင်း၊ အော့အန်ခြင်း**

ခန္ဓာကိုယ်တွင်း ရေဓာတ်နည်းပါးခြင်းကြောင့် ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သွေးပေါင်ကျခြင်း စတဲ့ ဝေဒနာတွေကိုပါ ခံစားရမှာဖြစ်တဲ့အပြင် နှလုံးခုန်မြန်ခြင်းကိုလည်း ခံစားရနိုင်ပါတယ်။ နှလုံးခုန်မြန်ခြင်းကြောင့် မူးဝေခြင်းနဲ့ အော့အန်ခြင်းတို့ကိုလည်း ခံစားရမှာ ဖြစ်ပါတယ်။

**၄။ ဝမ်းချုပ်ခြင်း**

ရေဓာတ်အနေနဲ့ ခန္ဓာကိုယ်အတွင်းမှ မလိုအပ်တော့တဲ့ အစားအစာတွေကို ခန္ဓာကိုယ်အပြင်ဘက်ကို ချောမွေ့စွာ စွန့်ထုတ်နိုင်ဖို့ ကူညီပေးလျက်ရှိပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်တွင်း ရေဓာတ်နည်းပါးသွားတဲ့အခါမှာ အစာခြေနဲ့ အူလမ်းကြောင်းစနစ်မှာ မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို ဖြစ်ပွားစေနိုင်ပြီး ဝမ်းချုပ်ခြင်းကို ခံစားရမှာ ဖြစ်ပါတယ်။

**၅။ ခေါင်းကိုက်ခြင်း**

အကြောင်းပြချက်မရှိဘဲ ခေါင်းကိုက်ခြင်းကို ခံစားရတာကလည်း ခန္ဓာကိုယ်တွင်း ရေဓာတ်နည်းပါးလာတာကြောင့် ဖြစ်နိုင်ပါတယ်။ ခန္ဓာကိုယ်တွင်းမှာ ရေဓာတ်နည်းပါးသွားတဲ့အခါမှာ ဦးနှောက်အနေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေကို ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခြင်းမရှိတာကြောင့် ခေါင်းကိုက်ခြင်းနဲ့ ခေါင်းမူးဝေခြင်း စတဲ့ ဝေဒနာတွေကို ခံစားရတာ ဖြစ်ပါတယ်။

**၆။ အသားအရေခြောက်သွေ့ခြင်း**

ရေသောက်နည်းနေပြီဖြစ်ကြောင်း အလွယ်တကူသိရှိနိုင်တဲ့ နောက်ထပ်အချက်တစ်ချက်ကတော့ အသားအရေခြောက်သွေ့လာခြင်းပဲဖြစ်ပါတယ်။ အရေပြားဟာ ကျွန်ုပ်တို့ခန္ဓာကိုယ်ရဲ့ အကြီးမားဆုံးအစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ လှပတဲ့ အသားအရေကို ပိုင်ဆိုင်ဖို့အတွက် တစ်နေ့ကို ရေရှစ်ခွက်ခန့် သောက်သုံးပေးဖို့ လိုအပ်ပါတယ်။ ခန္ဓာကိုယ်အတွင်းရှိ အဆိပ်အတောက်တွေကို ချွေးအဖြစ်စွန့်ထုတ်နိုင်မှာ မဟုတ်သောကြောင့် အသားအရေခြောက်သွေ့ခြင်းကို ခံစားရမှာ ဖြစ်ပါတယ်။

**၇။ ခံတွင်းအနံ့ဆိုးထွက်ခြင်း**

ရေသောက်နည်းတဲ့အခါမှာ ပါးစပ်တွင်း တံတွေးထုတ်လုပ်မှုလည်း နည်းပါးသွားသောကြောင့် ပါးစပ်ခြောက်ခြင်း၊ တံတွေးထုတ်လုပ်မှုနည်းပါးသွားခြင်းကြောင့် ပါးစပ်တွင်းမှာ ဘက်တီးရီးယားများ ပိုမိုပေါက်ဖွားလာနိုင်ပြီး ခံတွင်းနံ့ဆိုးထွက်ခြင်းကိုလည်း ဖြစ်ပွားစေနိုင်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

## စာအုပ်စင်ကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - ကျန်းမာသန်စွမ်းမှုအတွက် |
| စာရေးသူ | - ၄၅ ရက်တာ လေ့ကျင့်မှုအစီအစဉ် |
| ထုတ်ဝေသည့်စာပေတိုက် | - ဂျူတီစာပေ |
| တန်ဖိုး | - ၄၅၀၀ ကျပ် |
| စာမျက်နှာ | - ၅၈ မျက်နှာ |
| ထုတ်ဝေသည့် ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ(ဒုတိယအကြိမ်) |

၂၀၁၆ ခုနှစ် စိတ်ကူးချိုချို မှ ထွက်ရှိခဲ့ပြီး ဒုတိယအကြိမ် အဖြစ် ပြန်လည်ထုတ်ဝေဖြန့်ချိ သည်၊ စာအုပ်တွင် အခန်း ၁၃ ခန်း ပါရှိကာ နေ့စဉ်လူမှုဘဝနှင့် လိုက်ဖက်ညီသော အကြံပြုချက်များ၊ အစားအသောက်ပုံစံ၊ လွယ်ကူသော လေ့ကျင့်ခန်းတို့ပါရှိသည်။

ဤစာအုပ်၏အဓိကရည်ရွယ်ချက်မှာ ထိခိုက်ဒဏ်ရာရပြီး နောက်ပိုင်း နာလန်ထူစဖြစ်သော လူနာများ အစပြုလေ့ကျင့်နိုင်ရန်၊ ၁၂ မိနစ် ကြာမျှလမ်းမလျှောက်နိုင်သူများ၊ တစ်မိုင်ခရီးလမ်း မလျှောက်နိုင်သူများ၊ နှစ်ပေါင်းများစွာကြာသည်အထိ လေ့ကျင့်ခန်း မလုပ်ခဲ့ရသူများအတွက် ရည်ရွယ်ထားသည်။

စာအုပ်တွင် ဖော်ပြထားသော လေ့ကျင့်ခန်းများကို ပြုလုပ်ခြင်းဖြင့် နှလုံးသွေးကြော ဆိုင်ရာလုပ်ငန်းများ အားကောင်းပြီး ပိုမိုကျန်းမာစေကာ ကိုယ်အလေးချိန်မြင့်တက်နေသူများကိုလည်း အလေးချိန် သိသာစွာ လျော့ကျစေပြီး ကျန်းမာပျော်ရွှင်စွာဖြင့် လုပ်ငန်းများ အောင်မြင်နိုင်မည့်စာအုပ်ကောင်းဖြစ်သည်။ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




## ဖော်ညွှန်းသီ


| | |
|---|---|
| စာအုပ်အမည် | - ပညာနေတ္တိ ဝိပဿနာကျမ်းအဖွင့် ပဋိစ္စသမုပ္ပါဒကျမ်း |
| စာရေးသူ | - ဆရာကြီးဦးညွန့် |
| ထုတ်ဝေသည့်စာပေတိုက် | - စာစည်းစိမ်စာပေ |
| တန်ဖိုး | - ၁၃၀၀၀ ကျပ် |
| စာမျက်နှာ | - ၂၁၂ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ မတ်လ (ဒုတိယအကြိမ်) |

၁၉၅၈ ခုနှစ်၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၏ ပုံနှိပ်မူအတိုင်း ပြန်လည်ရိုက်နှိပ်ထုတ်ဝေဖြန့်ချိထားသည်။

စာရေးသူက ဗုဒ္ဓဘာသာ အယူဝါဒနှင့် ပညာနေတ္တိဝိပဿနာကျမ်း၏အဖွင့်၊ ပဋိစ္စသမုပ္ပါဒကျမ်းကို အကျယ်ဖွင့်ဆိုရေးသားထားသည်။

ဝိပဿနာတရားအားထုတ်ကျင့်ကြံသူများနှင့် ဗုဒ္ဓစာပေလေ့လာသူများအတွက် လက်စွဲဖတ်ရှုရမည့်စာအုပ်ဖြစ်ပြီး ဤစာအုပ်ကို အဓိကထား ထုတ်ဝေရသည့်ရည်ရွယ်ချက်မှာ ရှေးဟောင်းကျမ်းစာမွန်တစ်ဆူ မပျောက်သွားစေရန် ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ထုတ်ဝေခြင်းလည်းဖြစ်သည်။

အကျိုးအမြတ်အတွက် မဟုတ်ဘဲ နှောင်းလူတို့ ဗဟုသုတရရှိစေခြင်းကို ရည်ရွယ်ထားသည့် စာအုပ်(ကျမ်း)ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




၀-၀-၀-၀-၀

# ပန်းချီဆရာမ ခင်သော်ဇင်(K.T.Zin)၏ တစ်ကိုယ်တော်ပန်းချီပြပွဲ ငါးကြိမ်မြောက် ကျင်းပမည်

**မန္တလေး မတ် ၂၃**

အမျိုးသားစာပေဆုရ စာရေးဆရာ ဆူးငှက်၏ဇနီး ပန်းချီဆရာမ ခင်သော်ဇင်(K.T.Zin)၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို မန္တလေးမြို့၊ ၇၉ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ကောင်းကျော်ကဖေးအပေါ်ထပ် နမ္မတီးအနုပညာပြခန်း၌ မတ် ၂၅ ရက်မှ ၂၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအစီအစဉ်ကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်။

ပန်းချီပြပွဲခေါင်းစဉ်မှာ Ho' oponopono ဖြစ်ပြီး Abstract ပန်းချီအမျိုးအစားများ ပြသသွားမည်ဖြစ်သည်။ Ho' opono pono ၏အဓိပ္ပာယ်မှာ ဟာဝိုင်ယီကျွန်းသားများ၏ ရှေးရိုးအစဉ်အလာ ဆုတောင်းစကားဖြစ်ကြောင်း၊ ဤဆုတောင်းစကားကို အကြိမ်ကြိမ်ရွတ်ဆိုခြင်းဖြင့် မိမိကိုယ်မိမိ ယုံကြည်မှုနှင့် လေးစားတန်ဖိုးထားမှုများ ရင့်ကျက်စေသကဲ့သို့ ဘဝ၏မျှခြေကို နားလည်စွာ ပြန်လည်ညှိနှိုင်းနိုင်စွမ်းကို ညွှန်းဆိုခြင်းလည်းဖြစ်ကြောင်း၊ သဘာဝကို ချစ်ပါ၊ အရောင်များကို ချစ်ပါ၊ မိမိကိုယ်ကို ချစ်ပါ၊ ဖန်တီးမှုကို ချစ်ပါဟု ဆရာမက ပြောသည်။ ၂၀၀၄ ခုနှစ်တွင် မန္တလေးမြို့၊ ထန်းရိပ်ညိုပန်းချီပြခန်းပိုင်ရှင် ဦးမျိုးခင်ထံတွင် Abstract ပန်းချီလေ့လာသင်ကြားခဲ့သည်။ တစ်ကိုယ်တော်ပြပွဲများအဖြစ် ၂၀၀၇ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် လေးကြိမ်မြောက် ပြသခဲ့ပြီး ယခုအကြိမ်ဆိုလျှင် တစ်ကိုယ်တော်ပန်းချီပြပွဲ ငါးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၉၁)









## ပတ်စရာ၊ မှတ်စရာ စုံလင်

## ရှုမြင်မဝ နွေအလှ

* ချိန်ခါမီ နွေအလှကိုဖြင့်
စာစီသ မမီပေ
လေလူးမှုန်ဝေ။
ရော်ရွက်တို့ လွင့်ပျံ့ကြွေ
ပန်းချီလေ စုတ်ချက်ရှုံး ။

* ဥသြပျို
နွေကြိုတေး သီလို့
ဆွေးရဖွယ် ရဂုံနန်းကိုလ
မှန်းဆရှင်မြူး။
ပိတောက်ဝေလို့ ပန်းစုံဖူးပါလို့
ကျေးငှက်မြူး သံသာညီ
သာယာရှင်ကြည်။
ပေါက်လဲပန်းတို့ ပွင့်အလှစီ
စိန်ပန်းနီ မြေမှာသက်။
ပန်းကောက်ရန်
လှမ်းလျှောက်ကာ အမြန်ကြွပါလို့
ပန်းဆင်စွာ တောင်မြို့တွင်းမှာလ
အဆင်းသွယ်ယှက် ။

* ဘော်ငွေရောင် လွှမ်းဖြာလျက်
ဝင်းလက်လက် လဝန်းလေ
အေးချမ်းရပေ။
လေမြူးနဲ့ ဖြန့်ကြက်ဝေ
မိဿနွေ ပေါင်းစုလောင်း။
ရောင်စုံကြယ်
တူဖလှယ် ညဉ့်အမှောင်ခွင်းကာပ
ဝင်းပစေကြောင်း ။ ။

မင်းမြတ်မိုး(မန်းမြေ)

# ဓမ္မစကူးလ်စုံညီပွဲတော်နှင့် သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲ ကျင်းပ




**တာချီလိတ် မတ် ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ တောင်တန်းသာသနာပြု(ဗဟို)ဌာနၗ (၉)ကြိမ်မြောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဓမ္မစကူးလ်စုံညီပွဲတော်နှင့် သင်ယူပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၂ ရက် မွန်းလွဲပိုင်းက အောင်မြတ်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ ပြည်နယ်၊ မြို့နယ် ဓမ္မစကူးလ်ကော်မတီနာယက၊ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဓမ္မ (မဟာဓမ္မာစရိယ၊ M.A ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က ဓမ္မစကူးလ်ဆိုင်ရာ ဩဝါဒကထာ ချီးမြှင့်ပြီး ပြည်နယ်၊ မြို့နယ် ဓမ္မစကူးလ် ကော်မတီနာယက၊ တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက် ဓမ္မစကူးလ် ဦးဆောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍဓမ္မ (ဂန္ထဝါစက၊ သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ဓမ္မစကူးလ် တစ်နှစ်တာ ဆောင်ရွက်ချက်များနှင့် ပွဲတော်ကျင်းပရခြင်းအကြောင်းကို လျှောက်ထားသည်။

ထို့နောက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် တာဝန်ရှိသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော် အပါး ၂၀ အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု၊ အတန်းတက်မှန် ထူးချွန်ဆုနှင့် သင်ယူပြီးမြောက်ကြောင်း လက်မှတ်များကို ကျောင်းသား၊ ကျောင်းသူ ၂၈၀ ဦးအား ပေးအပ်ကာ ပညာသင်နှစ်အတွင်း ပညာဒါနကုသိုလ်ရှင်များ၊ အာဟာရဒါနကုသိုလ်ရှင်များနှင့် အခမ်းအနားဖြစ်မြောက်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ကြသည်။

အဆိုပါ ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် ကျောင်းသား၊ ကျောင်းသူများအား ဗုဒ္ဓဘာသာဆိုင်ရာ အသိအမြင်များ တိုးတက်စေရေးနှင့် ဗုဒ္ဓတရားတော်များကို စနစ်တကျ သင်ယူတတ်မြောက်ကာ နိုင်ငံတော်အတွက် သားကောင်း၊ သမီးကောင်းရတနာလေးများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တာချီလိတ်မြို့နယ်တွင် ၂၀၁၃ ခုနှစ်၌ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်၊ မဟာမြတ်မုနိကျောင်းတိုက်ဆရာတော်၊ တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်ဆရာတော်၊ ကျောင်းဓမ္မစကူးလ်ကော်မတီနာယက၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ(လူမှုထူးချွန်) ဦးဇော်မြင့်တို့က စတင်အုတ်မြစ်ချဆောင်ရွက်ခဲ့ကြပြီး ယနေ့အချိန်ထိ ဓမ္မစကူးလ်ကျောင်း ၁၇ ကျောင်း၊ ကျောင်းသား၊ ကျောင်းသူ ၄၀၀၀ ကျော်ကို ဓမ္မအမွေများ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

*-*-*-*-*-*-*



# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်ကိုင်း မတ် ၂၃**

စစ်ကိုင်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အာဟာရဆန်ပြုတ်များတိုက်ကျွေးခြင်းနှင့် စားသုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။

ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာ၊ ဆရာမများက သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ အာဟာရဆန်ပြုတ်များတိုက်ကျွေးခြင်းနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ဆောင်ရွက်ပေးခဲ့ရာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နေလင်းအောင်(ပြန်/ဆက်)**



# မီးသတ်မော်တော်ယာဉ်အတွက် တာယာနှစ်လုံး လှူဒါန်း

**မန္တလေး မတ် ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ မီးသတ်မော်တော်ယာဉ်တွင် အသုံးပြုရန်အတွက် ကားတာယာနှစ်လုံး လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါရပ်ကွက် အရန်မီးသတ်စခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်နေ အလှူရှင် ဗမာမလေး မဥမ္မာ မြန်မာထမင်းဟင်းမိသားစုမှ ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ ကားတာယာနှစ်လုံးကို လှူဒါန်းရာ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူး ဦးသိန်းနိုင်(စခန်းတာဝန်ခံ)က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၁)

# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး မတ် ၂၃**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့လျက်ရှိရာ မတ် ၂၂ ရက်က ကံ့ကော်ဆေးရုံတွင် နှလုံးသွေးကြောကျဉ်းရောဂါဖြင့် တက်ရောက်ဆေးကုသမှုခံယူနေသော ဓာတုဗေဒဌာနမှ ကန်တော့ခံ ဆရာမကြီး ဒေါ်စောရှိန်ထံသို့ ကျန်းမာရေးစောင့်ရှောက်မှု ကန်တော့ ငွေကျပ်ငါးသိန်းကို ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်၍ ကျန်းမာရေးမေးမြန်း၍ အားပေးစကားများ ပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ အနေဖြင့် အဖွဲ့တည်ထောင်သည့်ရက်မှ ၂၀၂၆ ခုနှစ်၊ မတ် ၂၂ ရက်အထိ ကျန်းမာရေးမကောင်း၍ ဆေးကုသမှုခံယူသော ကန်တော့ခံဆရာ၊ ဆရာမကြီး ၃၈၅ ဦးအား ငွေကျပ် သိန်း ၈၀၀ ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)





# တစ်နေ့တာဆွမ်းနှင့် ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ရှမ်းပွဲရပ်နေ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်း(မွေးနေ့)နှင့် (သား)ကိုမျိုးကျော်သွင်(မွေးနေ့) အထိမ်းအမှတ်အဖြစ် သစ္စာစေတနာဆောက်လုပ်ရေး ပစ္စည်းရောင်းဝယ်ရေးနှင့် သီရိသစ္စာဟိုတယ် မိသားစုက တစ်နေ့တာ ဆွမ်းအတွက် ငွေကျပ် ၇၅၀၀၀၀ နှင့် ဆေးပဒေသာပင်ငွေကျပ်ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၁,၂၅၀,၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယကဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ ဝဏ္ဏကျော်ထင်သီရိပျံ့ချီ ဦးမောင်ကို၊ ဆေးနှင့် ဆေးပစ္စည်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးတင်ထွဋ်၊ ကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ)

အဆိုပါ ဆေးရုံကြီးသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂ ၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

*-*-*-*-*-*-*

# မိုးကာအင်္ကျီလေး

မိုးတွင်းကာလ မိုးရွာတာက မဆန်းပေ။ အပြစ်လည်း မဆိုသာ။ သွားလေရာ ဆောင်ထားရမည်ကို သိလျက်နှင့် မဆောင်ထားခြင်းကိုက ကိုယ့်အမှား။ ကိုယ့်မှာသာ အပြစ်ရှိကြောင်းကိုလည်း သူ့ကိုယ်သူ သိ၏။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ နီးစပ်ရာ ဇရပ်တစ်ခုအတွင်းသို့ ဝင်ခိုလိုက်သည်။ ကိုယ်လို၊ သူလို ကျား၊ မ၊ လူကြီး၊ လူငယ် ဆယ်ယောက်ခန့်ရှိသည်။ ကျောင်းအင်္ကျီအဖြူကို နွံ့ရေ၊ ဗွက်ရေတွေ ပေမည်စိုးသောကြောင့် အင်္ကျီအဖြူကို ခေါက်၍ ကြွပ်ကြွပ်အိတ်နဲ့ ထည့်ကာ လွယ်အိတ်ထဲသို့ ခေါက်ထည့်လိုက်သည်။ မိုးသည် ကျောင်းမဆင်းခင်က ရွာလျှင် တော်သေးသည်။ ကျောင်းဆင်းပြီး လမ်းတစ်ဝက်ရောက်မှရွာသောကြောင့် သူ့မှာ အခက်တွေ့နေလေသည်။

အချို့သောသူများက ပြန်သူ ပြန်သွားကြသည်။ တဖြည်းဖြည်းနှင့် မိုးကမတိတ်၊ မိုးမှောင်က ကျလာပြန်သည်။ သူတစ်ယောက်တည်းပဲ ကျန်နေသည်။ မိုးက ဆက်ရွာနေဆဲ။ လူစိုတာက ကိစ္စမရှိ။ စာအုပ်တွေ ရေစိုကုန်လျှင် ဒုက္ခ။ မိုးကာအင်္ကျီဖြင့် ပြန်သွားသော သူငယ်ချင်းကို ကြည့်ပြီး သူ အားကျနေမိသည်။

'ဟော့… နောင်နောင်လင်း မိုးခိုနေတာလား။ အဲ့ဒီဇရပ်က သရဲခြောက်တယ်နော် သတိထား' ဟု ပြောရင်း ပြေးသွားကြသော ကျောင်းသားတစ်သိုက်ကို နီးရာ ခဲတစ်လုံးကိုကောက်ကာ လှမ်းပေါက်လိုက်ချင်သည်။ သူ့ကို စ သွားသော ကျောင်းသားများထဲမှတစ်ယောက်က လျှာကို ပြူတစ်ပြူတစ်လုပ်ပြရင်း အဝေးသို့ပင်ရောက် ရှိသွားသည်။

မိုးသည် ပို၍ မှောင်လာသည်။ ပို၍ပင် သဲကြီး၊ မဲကြီး ရွာချလာသည်။ တော်သေး ဇရပ်ထဲမို့။ ဒါပေမဲ့ လူအသွား၊ အလာက တဖြည်းဖြည်းနှင့် စဲသွားသော် သူငယ်ချင်း ကျောင်းသား၏ စကားကို ပြန်ကြားယောင်မိတော့ ကျောထဲက စိမ့်ပြီး ချမ်းချင်ချင် ဖြစ်လာသည်။

'မိုးမင်းရယ် တိတ်ပါတော့ကွာ' အိမ်က အမေ စိတ်ပူပြီး မျှော်နေတော့မှာ။ မိုးသည် တော်တော်နှင့် မတိတ်။ ရက်စက်လွန်းလှသည်။ အမှောင်ရိပ်က စိုးမိုးလာသည်။ မိုးကလည်း စဲစပြုလေပြီ။ အိမ်ကိုရောက်ရန် နာရီဝက်လောက် လျှောက်ရဦးမည်။ နေရောင်ကင်းပြီး လူသူကင်းမဲ့နေသည့်လမ်းကို သူ ဘယ်လိုရင်ဆိုင်ရမည်ကို ကလေးပီပီ ကြောက်စိတ်တို့က ဝင်လာသည်။ မိုးတိတ်သွားပြီး လေကလေး တိုက်ခတ်သွားသည့်အခါ သစ်ရွက်များက ဟိုဒီ ရွေ့လျားသံများက သူ့ရင်ကို ထိတ်ခနဲ ဖြစ်သွားသည်။ ဒူးနှစ်ဖက်က တဆတ်ဆတ် တုန်ယင်လို့လာ၏။ မျက်နှာတစ်ပြင်လုံး ချွေးသီး၊ ချွေးပေါက်များ စီးကျလာသည်။ ဒီအချိန်ဆို အမေ သူ့ကို မျှော်နေတော့မည်။ နောင်နောင်လင်းသည် ဘေးဘယ်၊ ညာကို မကြည့်ဘဲ လွယ်အိတ်ကို ပိုက်ကာ အားကုန်သုံး၍ ပြေးသွားလေတော့သည်။

'ပြောစကားကို နားမထောင်ဘူး။ ဒီလိုဖြစ်မှာစိုးလို့ မိဘက တားတာကို နားမထောင်ဘူး' အမေက သူ၏လက်မှအနာကို ဆေးထည့်ပေးရင်း ကရုဏာ ဒေါသောနှင့် ပြောလေသည်။ ခိုက်ခိုက်တုန်အောင် ချမ်းနေသောကြောင့် သူ ဘာမှပြန်မပြောနိုင်။ ရေနွေးပူပူတစ်ခွက်ကိုသာ အခိုးပွင့်ဆေးနဲ့သောက်ရင်း ငြိမ်နေရသည်။

'အမေက မိုးကာအင်္ကျီ ဝယ်မပေးလို့ မိုးမိတာ'

သူ့စိတ်ကိုသူ မထိန်းနိုင် လွှတ်ခနဲပြောပြီးမှ စိတ်မကောင်းဖြစ်သွားသည်။ အမေ၏ အကြည့်ကို မခံစားနိုင်၍ တစ်ဖက်သို့ အကြည့်လွှဲလိုက်သည်။

'အမေ ဆန်ပြုတ်ပြုတ်လိုက်ဦးမယ်နော်။ ဂရုစိုက်ပြီး သွားမှပေါ့ကွယ်။ ကဲ… စောင်လေးခြုံပြီး နွေးနွေးထွေးထွေး နေလိုက်ဦး' ဟု ဆိုကာ အမေသည် မီးဖိုခန်းဘက်သို့ ထွက်သွားလေသည်။

သူ စောင်ကလေးခြုံပြီး ကွေးနေရင်း စိတ်ထဲမှာ အလိုလို ဝမ်းနည်း၍လာ၏။ အမေ့စကားကို နားထောင်ကာ သူသည် ဂရုတစိုက်နှင့် သွားခဲ့ပါ၏။ မျက်နှာပေါ်သို့ ကျလာသော မိုးရေစက်များကို လက်ဖြင့်သပ်ချလိုက်စဉ် ခဏအတွင်းမှာ မြေကြီးထဲမှ ချွန်ထက်နေသော သစ်ငုတ်ကလေးကို တိုက်မိပြီး ချော်လဲရာမှ လက်ကို ထိခိုက်မိခြင်း ဖြစ်ပါသည်။

'လူလေးရေ … လာထ၊ ဆန်ပြုတ်ပူပူလေး သောက်ပြီး အိပ်လိုက်နော် သား'

မိုးရွာခြင်းသည် တောင်သူဦးကြီးများအတွက် ကောင်းသော်လည်း သူ့လို အစစအရာရာ မပြည့်စုံသူအတွက် မကောင်းဘူးဟု စိတ်က မှတ်ယူလိုက်၏။ မိုးတိတ်ရန် စောင့်နေလျှင်လည်း ကျောင်းနောက်ကျတော့မည်။ မိုးတိတ်ရန် လမ်းမမြင်။ ဝန်းကျင်တစ်ခွင် နေရောင်ခြည်ကို မမြင်ရ။ အုံ့မှိုင်း၍ နေတော့သည်။ သူသည် မိုးကို နှစ်သက်သူဖြစ်သည်။ မိုးရေထဲတွင် လွတ်လပ်ပေါ့ပါးစွာ ဆော့ကစားရသည်ကို အလွန်နှစ်သက်သူ ဖြစ်လေသည်။ ယခုလို ကျောင်းသွားခါနီး မိုးရွာသွန်းခြင်းကို သူ အလွန်မုန်းလေသည်။

သူသည် ကျောင်း၌ စာသင်ရသည်ကို အလွန်ပျော်လေသည်။ စာကျက်၊ စာအံရမှာ နှစ်သက်သူဖြစ်လေသည်။ အကြောင်းမဲ့ ကျောင်းပျက်ကွက်ခြင်းမျိုး သူ့မှာ မရှိပေ။ နေမကောင်းလျှင်တောင် ဆေးသောက်ပြီး ကျောင်းကို သွားသူဖြစ်သည်။ သည်လို မိုးလောက်နှင့်တော့ ကျောင်းမသွားဘဲ နေလိမ့်မည်မဟုတ်ပေ။ အမေ့စကားကို မကြားဟန်ပြု၍ ကျောင်းသွားရန် ပြင်ဆင်လိုက်လေသည်။

'ဂရုစိုက်သွား၊ ကျောင်းသွားမှာဆိုရင်' ဟု အမေက ဒါပဲပြောသည်။

ကျောင်းစိမ်းပုဆိုးနှင့် အင်္ကျီအဖြူကို ကြွပ်ကြွပ်အိတ်ထဲ လွယ်အိတ်နှင့် ပေါင်းထည့်ကာ အင်္ကျီဟောင်းတစ်ထည်နှင့် ပုဆိုးဟောင်းတစ်ထည်ကို ဝတ်သည်။ မိုးဒဏ်ကို အတော်အသင့် ကာကွယ်နိုင်စေရန် 'မြန်မာ့သြဘာ' ဓာတ်မြေသြဇာ ဆာလာအိတ်အဟောင်းကို ခေါင်းမှခြုံကာ ကျောင်းသို့လာခဲ့သည်။ မိုးစက်၊ မိုးပေါက်များကလည်း ဆာလာအိတ်ကို အဆက်မပြတ် ထိမှန်လာသည်။ စာအုပ်များကို မိုးစိုမည်စိုးသောကြောင့် ရင်ခွင်ပိုက်ကာ ဂရုတစိုက်နှင့် သွားနေသည်။

'ဒီအချိန်မှာ မိုးကာအင်္ကျီလေး တစ်ထည်လောက်ရှိရင် သိပ်ကောင်းမှာပဲ'

မိုးကာအင်္ကျီလေးတစ်ထည်ကို မှတ်မှတ်ရရ တမ်းတနေမိ၏။ မိုးကာအင်္ကျီလေးရှိလျှင် အဝတ်အစား အပိုယူစရာ မလို၊ မိုးကိုလည်း မုန်းစရာ မလို၊ ကျောင်းဝတ်စုံကိုဝတ်ကာ အပေါ်မှ မိုးကာအင်္ကျီကိုဝတ်ကာ ဟန်မပျက် ကျောင်းသွားနိုင်သည်မဟုတ်လား။

'သား… နောင်နောင်လင်း နားပါကွယ်။ အမေ လုပ်ပါ့မယ်'

အဖေနဲ့ အမေ၏ မျက်နှာသည် ပြုံးရွှင်၍ နေသည်။ သူကိုယ်တိုင်လည်း မောလို့ မောမှန်းမသိ၊ နေပူလို့ ပူမှန်းမသိ၊ စိတ်ဓာတ်တွေက တက်ကြွကာ ပြွတ်နေအောင်သီးသော နှမ်းပင်များကို ကြည့်ကာ နားရကောင်းမှန်း မသိတော့။ မြေကလေးပွရုံ ရွာထားသော မိုးကြောင့် နှမ်းနုတ်ရတာ ခရီးတွင်လှသည်။ သည်နှစ်လောက် နှမ်းနုတ်ကောင်းတာ မကြုံဖူးသေးပေ။ အမေ့မျက်နှာ သည်နှစ်လောက် ပြုံးရွှင်နေတာကိုလည်း မမြင်ဖူးပေ။ မျှော်လင့်ချက်အပြည့်ဖြင့် အမေ့ကိုကြည့်ပြီး နှမ်းရောင်းပြီးရင် 'မိုးကာအင်္ကျီလေးတစ်ထည် ဝယ်ပေးပါနော်'။

'ဝယ်ပေးပါ့မယ်တော်' ငါ့သားလေးကို။

သူ့အတွက် တကယ်လိုအပ်နေသော မိုးကာအင်္ကျီ ရတော့မည်။ သူ ထခုန်မိမတတ် ပျော်ရွှင်သွားသည်။ မိုးရွာလျှင်လည်း ဟန်မပျက် ကျောင်းသွားရတော့မည်။ စာကို ဒီထက် ပိုကြိုးစားမည်။ နောင်တစ်ချိန်တွင် အဖေနှင့် အမေကို သူ တစ်ဖန်ပြန်လည်လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်နိုင်တော့မည်ကို ကြိုတင်တွေးပြီး အပျော်ကြီး ပျော်နေမိတော့သည်။

အမေနဲ့အတူ ရောင်းရန်ပါသွားသော နှမ်းအိတ်ကလေးများက သူ့အတွက် မျှော်လင့်ချက်ရောင်ခြည်ပင် ဖြစ်သည်။ အလွယ်တကူ ခေါက်ယူလို့ရသည့် မိုးကာအင်္ကျီလေးကို မျက်စိထဲမှာ မြင်ယောင်နေမိသည်။ အမေ့ကိုလည်း ညကတည်းက အခါခါ မှာနေမိသည်။ အမေကလည်း စကားကို လွယ်လွယ်ပြောသူမဟုတ်။ အမေက ဝယ်ခဲ့မည်ဟု ပြုံးပြုံးကြီးနှင့် ပြောလေသည်။ အမေ ပွဲရုံကို သွားကတည်းက ထမင်းပင် မစားနိုင်၊ အမေ ပြန်လာချိန်ကို ရင်ခုန်စွာ စောင့်မျှော်နေမိသည်။

'အမေ …'

သူသည် အမေ့ကို မြင်သည်နှင့် 'အမေ အဆင်ပြေရဲ့လား။ မိုးကာအင်္ကျီပါခဲ့လား အမေ' ဟု မေးလိုက်သည်။ အမေ နှမ်းပွဲရုံကို သွားတုန်းက နှမ်းအိတ်ပေါင်း မြောက်မြားစွာနှင့် အပြန်တော့ လက်ဆွဲခြင်းတစ်လုံးနှင့် အသီး၊ အရွက် ဟင်းချက်စရာများနှင့် သူ့အတွက် ကိတ်မုန့်တစ်လုံး ပါလာသည်။ သူ မစားချင်၊ လက်ဆွဲခြင်းကိုသာ မွှေနှောက်ရှာနေမိသည်။

'အမေ မိုးကာအင်္ကျီရောဟင်'

'နေစမ်းပါဦး၊ မောရတဲ့အထဲ၊ နားပါရစေဦး'

ကွပ်ပျစ်ပေါ်တွင် အမေဟာ လှဲအိပ်ရင်း မျက်လုံးကလေးမှိတ်ကာ ခဏ နားနေပါသည်။ လက်ဆွဲခြင်းကို စိတ်ကြိုက်ရှာပြီးချိန်အထိ မတွေ့သောအခါ အလိုလို ဝမ်းနည်း၍ မျက်ရည်စကလေးများ အလိုလို စီးကျလာသည်။

'ပြောတော့ အမေဝယ်လာမယ်ဆို'

'ပူညံ ပူညံနဲ့ မောရတဲ့အထဲ နင့် မိုးကာအင်္ကျီထက် အရေးကြီးတဲ့ စားဖို့၊ သောက်ဖို့က ရှိသေးတယ်။ ရတဲ့ပိုက်ဆံက ဆင့်ပါးစပ် နှမ်းပက် နှစ်ပဲခြောက်ပြားနဲ့ အကြွေးတွေကလည်း ဆပ်ရသေးတယ်။ တစ်ခါလာလည်း ဒီမိုးကာ တစ်ခါလာလည်း ဒီမိုးကာ အလကား … အသိတရားကို မရှိဘူး'။ သူ ငိုချင်လာသည်။ အားပါးတရ ငိုချလိုက်ချင်သည်။ အမေက လက်ဆွဲခြင်းကို ဆောင့်ကာ၊ အောင့်ကာ ကိုင်ပြီး အိမ်အပေါ်သို့ တက်သွားလေသည်။ အိမ်ထဲမှ သူလည်း ပြေးထွက်ခဲ့သည်။ ရွာလမ်းတစ်လျှောက် ပြေးနေရာမှ ရွာအပြင်သို့ရောက်သွားသည်။ မိုးသည် ရုတ်ချည်း မည်းမှောင်လာပြီး ရွာချလိုက်တော့၏။ မိုးသည် သူ့အပေါ် အတော် အငြိုးကြီးဟန်ရှိသည်။ မိုးစက်၊ မိုးပေါက်များသည် သူ၏ ခြေလှမ်းများကို မရပ်တန့်နိုင်။ မိုးကာအင်္ကျီကိုလည်း သတိမရ၊ မိုးစက်၊ မိုးပေါက်များကိုလည်း သတိမရနိုင်၊ ခြေဦးတည့်ရာကိုသာ ပြေးနေမိတော့သည်။

'ကိုစန်းလွင် ဘယ်တုန်းက ပြန်ရောက်တာလဲဗျ' ဟု အဖေ့နာမည်ကို ခေါ်ကာ နှုတ်ဆက်လိုက်သည့်အသံကို သူနားဖြင့် ဆတ်ခနဲ ကြားလိုက်ရသည်။ မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်သည်။ ဖွင့်၍ မရ။

'ခင်ဗျား ထီသိန်းဆု အကြီးကြီး ပေါက်တယ်ဆိုတာ သိရလို့ ဝမ်းသာတယ်ဗျာ။ ခင်ဗျားသားကိုလည်း ရှင်ပြုပေးလိုက်ဦးနော်။ တစ်ရွာလုံးက ခင်ဗျားအလှူကို မျှော်နေကြတာဗျ။ ကျုပ်တို့လည်း အလှူထမင်း၊ အလှူဟင်း မစားရတာ ကြာပြီဗျ၊ ဟဲ… ဟဲ'။

'စိတ်ချ ခင်ဗျားတို့ မကြုံဖူးတဲ့ အလှူကြီးမျိုးကို ကျုပ်က သားကို ရှင်ပြုပေးဦးမှာဗျ' ဟု အဖေက ပြန်ပြောသံကို ကြားနေရသည်။ အဖေ့အသံမကြားရတာ ကြာပြီ။ သူ့ကိုတောင် နှုတ်မဆက်ရအောင် အဖေ ရက်စက်လွန်းသည်။ မျက်လုံးနှစ်လုံးဆီမှ မျက်ရည်စလေးများ စီးကျလာ၏။ ခြုံထားသည့် စောင်က လေးလွန်းလှသည်။ လူကလည်း ခိုက်ခိုက်တုန်အောင် ဖြစ်နေသည်။ စောင်ကို ခြေထောက်နှင့် ကန်ထုတ်ပြီး လူက နေရာပြင်လိုက်သည်။

'လူလေး … နောင်နောင်လင်း နိုးပြီလား သား …'

အဖေက သူ့နဖူးကို လာစမ်း၏။ အနွေးဓာတ်ကို ရသည်။ နှစ်ပေါင်းများစွာ ဝေးကွာနေသော အဖေ့မျက်နှာကို သူ မြင်ချင်လှပြီ။ သတိကပ်၍ မျက်လုံးကို လက်ဖြင့် အသာလေး ပွတ်သပ်ကာ ဖွင့်ကြည့်သည်။ အမှောင်ထုက ကြီးစိုးနေ၏။ စောင်ကို ခွာလိုက်မှ အလင်းဓာတ်ကို ရသည်။ အဖေက သူ့ကို ပြုံးပြနေသည်။ အဖေ့အပြုံးသည် နုပျိုနေဆဲ၊ လှပနေဆဲ၊ နွေးထွေးနေဆဲ။

အဖေက သူ့ခေါင်းကို နွေးထွေးစွာ ပွတ်သပ်ပေးနေသည်။

'ငါ့သား ဝမ်းသာသွားအောင် အဖေ ပြောရဦးမယ်။ အဖေ ထီဆုအကြီးကြီးပေါက်လို့ လူလေးရဲ့ ပိုက်ဆံတွေ အများကြီးပါလာတယ်။ ဘာလိုချင်လဲ၊ ဘာစားချင်လဲ၊ အဖေ ဝယ်ပေးမယ်။ ဒီမှာကြည့် ပိုက်ဆံထုပ်ကြီးဟု အဖေက ပြလေသည်။ သူ ဝမ်းသာသွား၏။ မျက်လုံးများပင် ပြူးကျယ်ဝိုင်းစက်သွား၏။

'အဖေ ကျွန်တော့်ကို မိုးကာအင်္ကျီ တစ်ထည် ဝယ်ပေးပါဗျာ' ဟု ကျွန်တော်က ပြောသောအခါ အဖေက ရယ်၍ နေသည်။

'ဒါပဲလား နောက်ထပ် ဘာလိုချင်သေးလဲ၊ လိုချင်တာပြော' ဟု ဆက်ပြောပါသည်။

အခန်းထဲသို့ ဆန်ပြုတ်ပန်းကန် ကိုင်ပြီး ဝင်လာသော အမေ့ကို တွေ့ရသည်။ အမေ့မျက်ဝန်းမှာ မျက်ရည်များ ဝဲနေသည်ကို မြင်တွေ့ရပါသည်။

'သား … မိုးကာအင်္ကျီကိုပဲ လိုချင်တာပါ အဖေ' အဆက်မပြတ်ပူဆာနေသည့် ကျွန်တော်၏ မျက်နှာကို အဖေက လက်ဝါးကြမ်းကြမ်းနှင့် ပွတ်သပ်ပေးနေသည်။ မျှော်လင့်ခြင်းများစွာဖြင့် အဖေ့ကို ကြည့်နေမိသည်။ မိုးကာအင်္ကျီ ဝယ်ပေးရန် အသည်းအသန် ပူဆာနေသည့် သူ့ကို ကြည့်ကာ အဖေသည် စိတ်မကောင်းဟန် ဖြစ်နေသည်။ သူ့ကိုကြည့်ပြီး လှောင်ပြောင်နေတာက ပိုက်ဆံထုပ်ကြီးပါ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်၊ အကွက်(၄၂၉)၊ ဦးပိုင်အမှတ်(၁၅-ဆ/၈)၊ အရှေ့အနောက် (၁၈ပေ)၊ တောင်မြောက်(ပေ ၃၀)အရှိအတိုင်းဖြစ်သည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဘထွန်း+ဒေါ်ညွန့်မေတို့ထံမှ အမွေဆက်ခံ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟုအဆိုပြုပြီး ဦးမျိုးမြင့်(၉/မနတ(နိုင်)၀၉၀၄၁၀)၊ ဦးကောက်(၉/မရတ(နိုင်)၀၄၇၃၄၈)၊ ကိုစိန်ဝင်းထွန်း(၉/အမရ(နိုင်)၁၇၇၉၂၂)၊ ကိုစိုးမင်းဦး(၉/မရတ(နိုင်)၁၂၉၁၆၇)၊ မမြင့်မြင့်ထွေး(၉/အမရ(နိုင်)၂၂၂၅၈၂)တို့က ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝဏ္ဏကျော်မှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်မင်း B.Sc(Chem) , Dip in Business Law , H.G.P**
**အထက်တန်းရှေ့နေ (စဉ်–၂၀၀၅၁)**
**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၅)၊ ဦးပိုင်နံပါတ်(၁၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀)အကျယ်အဝန်းရှိ ဦးဇော်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ပိုင်း (၁၅ ပေ × ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကျောက်ဝမ်းချင်(ဘ)ဦးကျောက်ဆူရှီ(၁၃/လရန(နိုင်)၀၅၇၀၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေများအားလုံးကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၆)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၃/၁)ဟု ခေါ်တွင်သော အဆောက်အအုံ၊ ရေ၊ မီး အပါအဝင်နှင့် ၎င်းအဆောက်အအုံတည်ရှိရာ အကျယ်အဝန်း(၁၄ ပေ × ပေ ၆၀)အကျယ်အဝန်းရှိ မြို့မြေကွက်နှင့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး အသုံးပြုလျက်ရှိကာ ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဦးအောင်မင်းရွှေ၊ ဒေါ်မီမီအောင်တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဒေါ်ဝင့်ဝါဦး (အထက်တန်းရှေ့နေ)** | **ဒေါ်သံသာဦးဝေ(အထက်တန်းရှေ့နေ)** |
| **LL.B , D.B.S ,** | **LL.B , D.B.S ,** |
| **Diploma in English (MUFL)** | **DL (101), IP Law** |
| **DL (101), IP Law** | **(Geneva , Switzerland)** |
| **(Geneva , Switzerland)** | |

**လမ်း၈၀၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၆၈၂၂၂၂၁၃၃၊ ၀၉–၂၀၃၁၆၈၃၊ ၀၉–၇၇၂၀၃၁၆၈၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်၊ အကွက်အမှတ်(၈၂၀) အိမ်ခွန်တော် ဦးပိုင်အမှတ်(၂၂)ဟု ခေါ်တွင်သော အဆောက်အအုံနှင့် ၎င်းအဆောက်အအုံတည်ရှိရာ မြေကွက်ဖြစ်သော ယခင်ဦးပိုင်အမှတ်(၃၀)၊ ယခုဦးပိုင်အမှတ်(၃၇) (ဦးသက်ဝေ အမည်ဖြင့် မြို့မြေခပေးဆောင်ပြီး ပြေစာများအရ) အကျယ်အဝန်း (တောင်မြောက် ၂၂ပေ) (အရှေ့အနောက် ၄၅ပေ၆လက်မ)(အရှေ့လှည့်)ရှိသော မြေကွက်သည် ဦးသက်ဝေ၊ ဒေါ်ခင်စိန်တို့ ပိုင်ဆိုင်လာခဲ့သည့် မြေကွက်၊ ဝင်းခြံကာရံတို့နှင့် ရေ၊ မီးမီတာ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိအမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော ဦးဝင်းမြင့်၊ ဒေါ်တင်စန်းဝင်း၊ ဒေါ်ရင်ရင်အေး၊ ဒေါ်တင်တင်မာ၊ ဦးကျော်ကျော်မင်း၊ ဒေါ်တင်တင်ခိုင်၊ ဒေါ်စန်းအိမြိုး၊ ဦးရဲမင်းဇော်၊ ဒေါ်ရွှေဇင်မြိုး၊ ဦးပြည့်မြိုးအောင်၊ ဒေါ်ဝါဝါမြိုးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

| | |
|---|---|
| **ဒေါ်ဝင့်ဝါဦး (အထက်တန်းရှေ့နေ)** | **ဒေါ်သံသာဦးဝေ(အထက်တန်းရှေ့နေ)** |
| **LL.B , D.B.S ,** | **LL.B , D.B.S ,** |
| **Diploma in English (MUFL)** | **DL (101); IP Law** |
| **DL (101); IP Law** | **(Geneva , Switzerland)** |
| **(Geneva , Switzerland)** | |

**လမ်း၈၀၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၆၈၂၂၂၂၁၃၃၊ ၀၉–၂၀၃၁၆၈၃၊ ၀၉–၇၇၂၀၃၁၆၈၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊အောင်ပင်လယ်ရပ်ကွက်၊အကွက်အမှတ်(စစ-၈)၊ဦးပိုင်နံပါတ်(၁၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး(ဘ)ဦးခင်မောင်(၉/မကန(နိုင်)၀၀၃၄၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသဇင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၂)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဗိုလ်ကြီးကိုလေး အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဆွေ(ဘ)ဦးကြိုင်(၉/မနမ(နိုင်)၀၅၃၇၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသဇင်အောင် (LL.M)** | **ဦးဖြိုးသာခန့် (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၂)၊ ဦးပိုင်အမှတ်(၂၃-က)၊ မြေကွက်ပေါ်တွင် ဒေါ်သီရိအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၁၉၀၀)က RC (၃)ထပ်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်(ခ-၅)၊ ဦးပိုင်အမှတ်(၂၁)၊ မြေကွက်ပေါ်တွင် ဦးစိုင်းထွန်းတင်(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၁၂၂၉၉)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၅၂/၄)၊ ဦးပိုင်အမှတ်(၁-က + ၁-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ယီဖုန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/သပန(နိုင်)၀၂၃၃၆၂)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊မဟာ/အနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၁)၊ဦးပိုင်အမှတ်(၈၁-ဃ)၊မြေကွက်ပေါ်တွင် ဦးလင်ကီး၏စွမ်(ခ)မောင်စိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(ဧည့်)၀၀၀၀၃၇)က မြေ + RC (၂)ထပ် အဆောက်အအုံ (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့်ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကိုကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်မည်မဟုတ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၃**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြို့ပတ်ကမ်းနားလမ်း(ရှမ်းကလေးကျွန်းမှ ရွှေဂုံအထိ) နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ အမရပူရမြို့နယ်တစ်လျှောက် ဖြတ်သန်းသွားလာ၍ ရပြီး စီးပွားရေးအချက်အချာကျသည့် လမ်းမကြီးဖြစ်ပါကြောင်း၊ ၁၉၉၄ ခုနှစ်က ကမ်းနားလမ်းကို နံကပ်အင်းမှ သဲဆန်သော နုန်းမြေများဖို့၍ (၄)လမ်းသွားအဖြစ် ဖော်ဆောင်ခဲ့သည့် လမ်းမကြီးဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ကမ်းနားလမ်းသည် Liquefaction ဖြစ်ပြီး Embankment အောက်ရှိ သဲနုန်းအလွှာ အရည်ပျော်ပျောက်ဆုံးသွားမှုကြောင့် လမ်းသားအောက်ရှိ မြေလွှာများ၊ မြေသားများကျုံ့ကျခြင်း၊ အက်ကွဲနိမ့်ဆင်းခြင်း၊ လမ်းလယ်ကျွန်းများလည်း နိမ့်ကျမှုဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုကြီးမားခဲ့ပါကြောင်း၊ ပျက်စီးသွားသော ကမ်းနားလမ်းအား ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ

**စာမျက်နှာ ၄ သို့** *



## မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)မှ ကြီးမှူး၍ ၂၀၂၆ နွေရာသီ အခြေခံဘောလုံးသင်တန်းတွင် ကလေးငယ်များ ပျော်ပျော်ပါးပါး လေ့ကျင့်သင်ယူ



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) မှ ကြီးမှူးဖွင့်လှစ်ထားသည့် ၂၀၂၆ နွေရာသီ အခြေခံဘောလုံးသင်တန်းတွင် တက်ရောက်နေသော ကလေးငယ်များသည် ဘောလုံးအခြေခံနည်းစနစ်များကို ပျော်ပျော်ပါးပါး လေ့ကျင့်သင်ယူလျက်ရှိသည်။

အဆိုပါသင်တန်းတွင် အသက်အရွယ်အလိုက် အုပ်စုခွဲပြီး နည်းပြများက စနစ်တကျ သင်ကြားပေးလျက်ရှိသည်။ ကလေးငယ်များအနေနှင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိရှိ အသုံးချရင်း ကျန်းမာကြံ့ခိုင်မှုနှင့်အတူ အသင်းအဖွဲ့စိတ်ဓာတ်များကိုပါ လေ့ကျင့်ခွင့်ရရှိခြင်းဖြစ်သည်။

ယခုနှစ်တွင် ဖွင့်လှစ်သည့် သင်တန်းများကို ပထမအသုတ် (မတ် ၉ - ဧပြီ ၈)နှင့် ဒုတိယအသုတ် (ဧပြီ ၂၀ - မေ ၂၀)ဟူ၍ နှစ်သုတ်ခွဲ၍ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့ကြီးများတွင် အသက် (၁၀)နှစ်မှ (၁၅)နှစ်အတွင်းရှိ လူငယ်မောင်မယ်များကို အခမဲ့လက်ခံသင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်သူများအတွက် လေ့ကျင့်ရေးဝတ်စုံများကိုလည်း အခမဲ့ပေးအပ်ခဲ့သည်။

ရန်ကုန်တွင် သင်တန်းသား ၅၀၀၊ မန္တလေးတွင် သင်တန်းသား ၄၀၀၊ တောင်ကြီးတွင် သင်တန်းသား ၂၀၀၊ ပုသိမ်တွင်သင်တန်းသား ၂၀၀၊ မော်လမြိုင်တွင် သင်တန်းသား ၂၀၀ တို့ကို အသီးသီး လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်တွင် ဖူဆယ် (Futsal) သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀၀ ကို လက်ခံသင်ကြားပေးမည်ဖြစ်သည်။

ယခုသင်တန်းသည် "Learn-Play-Enjoy" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကလေးငယ်များအားကစားစိတ်ဓာတ် ထက်သန်လာစေရန်နှင့် နွေရာသီကျောင်းပိတ်ရက်ကို ပျော်ရွှင်စွာ ကျော်ဖြတ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

(NGB)